မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
အတွဲ (၅၃)
အမှတ် (၃၀၂)
Myanma Alinn Daily
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
၂၀၁၄ ခုနှစ်၊ သြဂုတ် ၃ ရက်၊ တနင်္ဂနွေနေ့။

အတ္တသမ္မာ ပဏိဓိစ တံမင်္ဂလမုတ္တမံ

မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မူးယစ်ဆေးဝါးပပျောက်ချုပ်ငြိမ်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာ » ၃

မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ရန် မြင်သာမှထောက်ကြန့်ရုံး ပြောင်းလဲဆောင်ရွက်

သတင်း-ဝေယံဦး

ရန်ကုန် သြဂုတ် ၂

မြန်မာနိုင်ငံတွင် မော်တော်ယာဉ် တင်သွင်းမှု တဖြည်းဖြည်းများပြားလာရာ မော်တော်ယာဉ်များမှတ်ပုံတင်ခြင်းလုပ်ငန်းသည်လည်း ကျယ်ပြန့်လာသည်။ မော်တော်ယာဉ်များမှတ်ပုံတင်ရာတွင် နေရာအခက်အခဲနှင့် မော်တော်ယာဉ်ပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် အချိန်ကြန့်ကြာမှုလည်းရှိသဖြင့် ရန်ကုန်မြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြင်သာ) အား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ RTC ဝင်းအတွင်းရုံးသို့ သြဂုတ်၁ ရက်မှ စတင်ကာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီ ဖြစ်သည်။

"မော်တော်ယာဉ် ပိုင်ရှင်တွေအနေနဲ့ယာဉ်ကနဦးမှတ်ပုံတင်ဌာနကို အခုလို ပြောင်းရွှေ့လိုက်တဲ့အတွက် အချိန်ကုန်မှုက သိပ်မကွာပါဘူး။ မိနစ် ၃၀ လောက် မောင်းရင်ရောက်ရှိမယ့် နေရာဖြစ်ပါတယ်။ အစပိုင်းမှာ အခက်အခဲရှိပေမယ့် အဆင်ပြေသွားမှာပါ။ တန် ၆၀ အောက် မော်တော်ယာဉ်တွေကို ကနဦးမှတ်ပုံတင်ပေးမှု

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

လင်းခေးဒေသ လယ်မြေများ စိုက်ပျိုးရေရရှိရေးအတွက် နမ့်တိန်းချောင်းမှ ရေတင်နိုင်ရန် ရေရဟတ်ပြုလုပ်နေစဉ်။

လင်းခေးဒေသတွင် မိုးခေါင်သဖြင့် မိုးစပါးအချိန်မီစိုက်ပျိုးရေး တောင်သူများကြိုးပမ်း

သတင်းနှင့် ဓာတ်ပုံ
စိုင်းဇော်လတ်(iprd)

လင်းခေး သြဂုတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်တွင် မိုးခေါင်သောကြောင့် တောင်သူများ ယခုနှစ် မိုးစပါးစိုက်ရာသီ၌ အချိန်မီလယ်ယာထွန်ယက်စိုက်ပျိုးနိုင်ခြင်း မရှိ၊ စိုက်ပျိုးရေရရှိရေး အခက်အခဲများနှင့်ကြုံတွေ့လျက်ရှိရာ ချောင်းရေကိုတင်ယူနိုင်ရန် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းနေကြကြောင်းသိရသည်။

၎င်းဒေသ၏ ရာသီဥတုမှာ ပူအိုက်ခြောက်သွေ့ပြီးမိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည်ဟု ဆိုရသော်လည်း လွန်ခဲ့သည့်နှစ်များက နှစ်စဉ်ကဆုန်လပြည့်ကျော် ကာလရောက်လျှင် မိုးစတင်ရွာသွန်းကာ ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးချိန်အမီ မိုးဖြိုင်ဖြိုင် ရွာသွန်းလေ့ရှိခဲ့သော်လည်း ယခုနှစ်တွင် မိုးအလွန်ခေါင်လျက်ရှိသောကြောင့် မိုးစပါးများပျိုးထောင်ထားပြီးသော်လည်း အချိန်မီကောက်စိုက်နိုင်ခြင်း မရှိသေးကြောင်း လေ့လာတွေ့ရှိရသည်။ ပျိုးပင်များသည် ရင့်လာနေပြီး လယ်မြေကိုထွန်ယက်မှုပြုခါစသာရှိနေသေးသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ရွာမှာ စပါးစိုက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ရောဝတီနိုင်ပွဲဆက်နေမှုကို ဇေယျာရွှေမြေရပ်တန့်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

MNL Myanmar 2014 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၆) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေ၊ ရန်ကုန်နှင့် ဆောက်သမ်းတို့နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်းတွင် ဇေယျာရွှေမြေအသင်းက ရောဝတီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယနေ့အကျော့တွင် လေးပွဲဆက်အနိုင်ရပြီး ခြေစွမ်းပြနေသည့် ရောဝတီအသင်း၏ နိုင်ပွဲဆက်နေမှုကို ဇေယျာရွှေမြေအသင်းက ရပ်တန့်ခဲ့သည်။ ပွဲပယ်ခံထားရသည့် နန္ဒလင်းကျော်ချစ်နှင့် နိုင်လင်းဦးတို့မှလွဲ၍ ရောဝတီအသင်းလူစုံပါဝင်ခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ရောဝတီအသင်းသည် ဆာဆာ၊ နေလင်းထွန်း၊ ကင်ဆောင်မင်၊ ကိုနေးတို့၏ တိုက်စစ်အားဖြင့် ဂိုးရရှိရန်ကြိုးပမ်းခဲ့သော်လည်း ဇော်လင်းထွန်း ဦးဆောင်သည့် ဇေယျာရွှေမြေနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ဇေယျာရွှေမြေအသင်းသည် ယခုပွဲတွင်တိုက်စစ်မှူး

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❁

ယနေ့ » မာတိကာ

တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်ရန် ဂျပန်က ဗီယက်နမ်ကို သင်္ဘောခြောက်စင်း လက်ဆောင်ပေး — စာ » ၄

အသံသရုပ်ဖော် စကားလုံးများ — ဆောင်းပါး — စာ » ၆

ပရီမီယာလိဂ်ကို ကျော်ဖြတ်မယ့် လာလီဂါ — စာ » ၁၄

အဖေပြောတဲ့ အင်္ဂလိပ်စာဟာသတွေ — စာ » ၁၆

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝန်ထမ်းတို့၏ ဂုဏ်သိက္ခာ

နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်ရင်း ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လုပ်ကိုင်ဖော်ဆောင်နေကြရသူများ ဖြစ်ပါသည်။ မိမိတို့၏ တာဝန်အသီးသီးကို ထမ်းဆောင်ရာတွင် အားနည်းချက်၊ လိုအပ်ချက်၊ ဟာကွက်၊ ပျော့ကွက်များရှိတတ်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤအားနည်းချက်၊ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပြုပြင်ပေးနိုင်မှသာလည်း ဝန်ထမ်းတို့၏ ဂုဏ်သိက္ခာသည် တိုးလာမည်ဖြစ်ပါသည်။

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းရွက်ရင်း ပြည်သူများနှင့် ဆက်စပ်ပတ်သက်နေသော လုပ်ငန်းများကိုလည်း အကောင်းဆုံး၊ အမြန်ဆုံးဖြစ်အောင် စိတ်ရင်းစေတနာရှေ့ထားပြီး ကူညီဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ ဝန်ထမ်းကို အပြန်အလှန်လေးစားသော စိတ်ဓာတ်များ ပေါက်ဖွားရှင်သန်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူချစ်သော ဝန်ထမ်းများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ်လ ရေဒီယိုမိန့်ခွန်းတွင် "ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွင်း အဆင့်ဆင့် တာဝန်ယူလုပ်ဆောင်ခဲ့ရတဲ့ ဝန်ထမ်းအဖွဲ့အစည်းများအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပေမယ့် နှောင့်နှေးမှုများ၊ အားနည်းမှုများနဲ့ လိုအပ်ချက်များရှိနေသေးတာ အမှန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူး ပြောကြားချင်တာကတော့ ဝန်ထမ်းများအနေနဲ့ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်တဲ့ကိစ္စရပ်များ၊ ရေတိုလုပ်ဆောင်ရမယ့် ကိစ္စရပ်များ၊ ရေရှည်တည်ဆောက်ရမယ့်လိုအပ်ချက်များကို ရည်မှန်းချက်အဖြစ်ထားပြီး ဒီကနေ့ လက်တွေ့လုပ်နိုင်မယ့်ကိစ္စတွေကို ဦးစားပေးကြိုးပမ်းတည်ဆောက်ကြဖို့နဲ့ ဝန်ထမ်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြရန် လိုအပ်တယ်ဆိုတဲ့အကြောင်းပဲဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ကလည်း ဒီလိုကြိုးပမ်းမှုများမှာ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ယနေ့ အချိန်အခါသည် အုပ်ချုပ်ရေးယန္တရားကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နေချိန်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၏ အဓိကအစိတ်အပိုင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းများသည် အစိုးရကို တာဝန်ခံကာ ပြည်သူကို ဗဟိုပြုလျက် ပြည်သူ့အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ကြရမည့်သူများ ဖြစ်ပါသည်။ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည် စွမ်းရည်ကိုမြှင့်တင်ပြီး ပြည်သူများ၏ လက်ငင်းအကျိုးကို ရှေးရှုလျက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ဆောင်ရွက်ပေးရမည့် အချိန်ဖြစ်ပါသည်။

သို့သော်လည်း အချို့သောဝန်ထမ်းများသည် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ရာတွင် အားနည်းချက်များရှိနေသေးသည်ကို တွေ့နေရပါသည်။ မသိနားမလည်သော ပြည်သူများအပေါ် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး အမြတ်ထုတ်နေသူများလည်း ရှိနေဆဲဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူကိုသာ ဗဟိုပြုရမည် ဖြစ်ပါသည်။ ပြည်သူတို့၏ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်အောင် ဖြည့်ဆည်းသွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးများဆက်တိုက် ဖော်ဆောင်လျက်ရှိပါသည်။ ဤပြောင်းလဲမှုနှင့်အတူ ဝန်ထမ်းထုတစ်ရပ်လုံးက ဟန်ချက်ညီညီ လိုက်ပါနိုင်ကြရမည်ဖြစ်ပါသည်။ ဝန်ထမ်းကောင်းမှ အစိုးရကောင်းပါမည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသောအစိုးရအဖြစ် တည်ဆောက်ရာတွင် ဝန်ထမ်းများသည် ပဓာန အကျဆုံးဖြစ်ပါသည်။ သို့အတွက် ပြည်သူများ၏ လိုအင်ဆန္ဒများကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြစ်အောင် ဖြည့်ဆည်းပေးရင်း ဝန်ထမ်းဂုဏ်သိက္ခာကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဒုတိယရဲအုပ်လောင်း ရဲသိပ္ပံတပ်ဖွဲ့ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၅/၂၀၁၃) ရဲသိပ္ပံတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် သင်တန်းဆင်းတပ်ခွဲ ဒုတိယရဲအုပ်လောင်းများက ရဲချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုနှင့် ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကျော်ရဲနောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စိုးမင်းဦး၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း တေဇာအောင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အောင်ချမ်းလင်းတို့အား ဆုများကိုချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၏ ကနဦးကာလ၌ပင် နိုင်ငံတော်သမ္မတကြီးက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားဆောင်ရွက်နေကြရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူဗဟိုပြုသော ရဲလုပ်ငန်းသို့ ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ပြည်သူဗဟိုပြုရဲလုပ်ငန်းဆိုသည်မှာ ဒီမိုကရေစီခေတ်နှင့်ကိုက်ညီသော ရဲလုပ်ငန်းပင်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဆိုသည်မှာ ပြည်သူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများ၏ ကောင်းကျိုးချမ်းသာ ရရှိရန်အတွက် ထင်ရှားပေါ်လွင်မှု အရှိဆုံးနှင့် ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ပေးနေရသူဖြစ်သည့် အတွက် အစိုးရ၏ ထင်သာမြင်သာမှုအရှိဆုံး သရုပ်သကန်တစ်ခုဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတစ်ခုတွင် ပြည်သူတို့၏ယုံကြည်ကိုးစားမှုကို တည်ဆောက်ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ပိုမိုထိရောက်ပြီး အကျိုးရှိသည့် ရဲတပ်ဖွဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော အခြေခံနိယာမဖြင့် ရဲလုပ်ငန်းကို တည်ဆောက်ရမည်ဖြစ်ပြီး ထိုသို့တည်ဆောက်ရာတွင် လူ့အဖွဲ့အစည်း အုပ်စုများအကြား ဘက်မလိုက်ဘဲ မျှတစွာဆက်ဆံခြင်းဟူသောနည်းလမ်းဖြင့် ချဉ်းကပ်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီရဲလုပ်ငန်း၏ တိုးတက်မှုသည် "ထိန်းချုပ်မှုကို ရှေးရှုသော ချဉ်းကပ်မှု" မှ "ဝန်ဆောင်မှုကို ရှေးရှုသော ချဉ်းကပ်မှု" သို့ ပိုမိုကူးပြောင်းနိုင်ခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ်တွင် လူထုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြဿနာ အရင်းအမြစ်ကို အခြေခံပြီး ဆောင်ရွက်သည့်ရဲလုပ်ငန်းနှင့် အုပ်ချုပ်မှုအာဏာခွဲဝေပေးခြင်းတို့ ပါဝင်ကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးချင်းမှသည် ရဲတပ်ဖွဲ့တစ်ခုလုံးအထိ မိမိကိုယ်တိုင် ဆောင်ရွက်ချက်မှန်သမျှကို တာဝန်ခံနိုင်မှုနှင့် ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်ကြောင်း။

နေ့စဉ်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရင်း မိမိအားပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အတွင်းမှ ပြည်သူ၏ လိုအပ်ချက်ကို တတ်နိုင်သရွေ့အကူအညီပေးပြီး ပြည်သူတို့၏ ယုံကြည်မှုကို တိုးတက်ရရှိအောင် တည်ဆောက်သွားကြရန် လိုကြောင်း ပြောကြားခဲ့သည်။ **(ရဲပြန်ကြား)**

လူကုန်ကူးရန် ကင်းဝေးဖို့ အားလုံးပါဝင်ကူညီစို့

ချောင်းရေလျှံ မှုကြောင့် ကျေးရွာအတွင်း၌ ရေ ကြီးရေလျှံ မှုများဖြစ်ပေါ်

ကျောက်တံခါး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇူလိုင် ၃၀ ရက်မှစ၍ နေ့ညမပြတ် မိုးရွာသွန်းမှုကြောင့် ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း ရင်းတိုက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ အိုင်တုံချောင်း ကမ်းနားဘေးရွာများဖြစ်သော ခင်တိုရွာ၊ ရင်းတိုက်ကုန်းရွာ၊ အလယ်ကျွန်းရွာနှင့် ချောက်တရာကျေးရွာတို့တွင် ရေများဝင်ရောက်နေပြီး ရေကြီးမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။"ကျွန်တော်တို့ ဒီအိုင်တုံးချောင်းဟာ ပဲခူးရိုးမမှ စီးဆင်းလာပြီး စစ်တောင်းမြစ်အတွင်းသို့ ဝင်ရောက်စီးဆင်းသော ချောင်းဖြစ်ပြီး ယခင်က ချောင်းမှာတိမ်ကောနေ၍ ယခုနှစ် ဧပြီလကုန်က စက်ယန္တရားကြီးများဖြင့် ဆည်မြောင်းဦးစီးဌာနက လာရောက်၍ အိုင်တုံးချောင်းကို ပြန်လည်တူးဖော်ပေးခဲ့၍ ရေစီးရေလာကောင်းမွန်ခဲ့ပါတယ်၊ အခုလိုမိုးက အဆမတန် နေ့ရော ညပါရွာသွား လိုက်တဲ့အတွက် ဒီအိုင်တုံးချောင်းက ရေတွေဟာ ကမ်းပြည့်ကမ်းလျှံဖြစ်ပြီး ချောင်းဘေးမှာရှိတဲ့ ကျွန်တော်တို့ရွာတွေထဲ ရေတွေဝင်ရောက်ခဲ့တဲ့အတွက် ရေဝင်ပေါက်များကို ကျွန်တော်တို့ရွာက ပြည်သူတွေ စုပေါင်းပြီး တုတ်ရိုက်၍ သဲအိတ်များဖြင့် ကာရံခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်တွေကိုတော့ ကုန်းမြင့်ပိုင်းနဲ့ ကားလမ်းဘေးမှာ ချည်ထားပြီး သက်ကြီးရွယ်အိုနဲ့ ကလေးတွေကိုတော့ ရေကြီးမှုကင်းဝေးတဲ့နေရာမှာ ထားပါတယ်။ အနိမ့်ပိုင်းမှာရှိတဲ့ လယ်မြေတွေကတော့ ရေတွေလွှမ်းမိုးနစ်မြုပ်ဆဲပါ။

အခုလို ရေကြီးမှု အန္တရာယ်က ကင်းဝေးနိုင်ဖို့အတွက် ပွင့်လင်းရာသီရောက်ရင် ရင်းတိုက်ကုန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာများကို ရေများ မဝင်ရောက်နိုင်အောင် အိုင်တုံး ချောင်းကမ်းနံဘေးမှာ မြေသားတမံများ ထပ်ဆင့်ပြီး မြေဖို့ပေးနိုင်မယ်ဆိုပါက ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးနိုင်ပါမယ်"ဟု ချောက်တရာရွာနေ ဦးစိုးလွင်က ပြောပြ၍ သိရသည်။

ခင်ကို (ကျောက်တံခါး)

ပြည်တွင်းသတင်း

မူးယစ်ဆေးဝါးပပျောက်ချုပ်ငြိမ်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ၌ လက်ခံကျင်းပသည့် (၂၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ (Regional Border Committee-RBC) အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ထိုင်းဘုရင့်တပ်မတော်မှ အမှတ်(၃) စစ်တိုင်းမှူး Lieutenant General Preecha Jan-O-Cha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်းမှူးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ် စစ်သံမှူး Colonel Salawin Uttarak တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ချုပ်ငြိမ်းရေးအတွက် နှစ်နိုင်ငံအလေးထား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်ရေးနှင့် သစ်တောများပူးပေါင်းစိုက်ပျိုးရေးဆိုင်ရာများ၊ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်ကိစ္စရပ်များတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) စစ်တိုင်းမှူး ဦးဆောင်သောအဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

ဇူလိုင် ၃၀ ရက်က ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၌ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားရာ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အမြင့်မားဆုံးရရှိနိုင်ရန်၊ ခရီးစဉ်ဒေသများတွင် ဆိုးကျိုးများသက်ရောက်မှု အနည်းဆုံးဖြစ်စေနိုင်ရန်နှင့် တာဝန်ယူမှုရှိသော ဝန်ဆောင်မှုများကို ဖန်တီးပေးနိုင်ရန်တို့အတွက်ရည်ရွယ်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် "တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Tourism Policy)" ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အနာဂတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာအစီအစဉ် ခြောက်ခုနှင့် နှစ်တို၊ နှစ်ရှည်အလိုက် အကောင်အထည်ဖော်သွားမည့် စီမံကိန်း ၃၈ ခု ပါဝင်သော "မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၁၃-၂၀၂၀ (Myanmar Tourism Master Plan 2013-2020)" ကိုလည်း ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်များဝင်ရောက်မှု အဆင်ပြေလွယ်ကူစေရန် e-Visa စနစ်ကိုလည်း လာမည့် စက်တင်ဘာလအတွင်း အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဧည့်သည်များ၏ ဝင်ရောက်/ထွက်ခွာမှု၊ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်မှု၊ တည်းခိုနေထိုင်စားသောက်မှု စသည်ဖြင့် အစစ အဆင်ပြေလွယ်ကူစေရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် လက်အောက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများက ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂ ရက်က ဆွစ်ဇာလန်နိုင်ငံ၏ အမျိုးသားနေ့ညစာစားပွဲ အခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Christoph Burgener နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

မြေယာများ လွှဲပြောင်းပေးအပ်

မုဒုံ ဩဂုတ် ၂

မုဒုံမြို့နယ်တွင် စွန့်လွှတ်သော လယ်ယာမြေများကို မူလပိုင်ရှင်များထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ပွဲကို ဩဂုတ် ၁ ရက်က မုဒုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မုဒုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်ကအမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမင်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြန်လည်စွန့်လွှတ် လယ်မြေ ၁၃၃ ဒသမ ၁၅ ဧကကို တောင်သူ ၂၇ ဦးထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို မြို့နယ်ကော်မတီ(၄)ရပ်မှ တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းအလိုက် ပြန်လည်ပေးအပ်ခဲ့သည်။

တင်ထွန်းအောင်

Congratulations and Warmly Welcome
The Grand Opening and Operation of

Ooredoo Myanmar Ltd.

In Yangon, Mandalay & Naypyitaw at 2nd August 2014

From : Merx Construction Management Pte., Ltd.
Dynamic Engineering and General Trading Co., Ltd.

နိုင်ငံတကာသတင်း

အမေရိကန် တပ်ဖွဲ့ဝင်များ ယူကရိန်းသို့ စေလွှတ်ရန် ပင်တဂွန်စီစဉ်နေ။

အမေရိကန်တပ်ဖွဲ့ဝင်များ ယူကရိန်းသို့ စေလွှတ်ရန် ပင်တဂွန်စီစဉ်နေမှု ကွန်ဂရက်က သဘောတူဖွယ်ရှိ

ကီယက်ဗ် ဩဂုတ် ၂

အမေရိကန် ဆီးနိတ်အမတ်အချို့က ကီယက်ဗ်အစိုးရသို့ အကူအညီပေးရန် ဆော်ဩလိုက်ပြီးရက်ပိုင်းအကြာ ယူကရိန်းတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရန်အလို့ငှာ တပ်ဖွဲ့ဝင်များ စေလွှတ်သွားလိုကြောင်း ပင်တဂွန်က ပြောသည်။ ပင်တဂွန်၏ အဆိုပါအစီအစဉ်ကို ကွန်ဂရက်က သဘောတူဖွယ်ရှိကြောင်း ဥရောပအခြေစိုက် အမေရိကန်တပ်ဖွဲ့ဝင်များ သို့တည်းမဟုတ် ကယ်လီဖိုးနီးယား အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးပြီး ယူကရိန်းနိုင်ငံ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအား ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်း ပင်တဂွန်က စီစဉ်လျက်ရှိသည်။

"ဒီနေရာဟာ စစ်ရေးလေ့ကျင့်မှုမျိုးစုံပြုလုပ်တဲ့နေရာပါ။ ပြီးတော့ ကျွန်တော်တို့ ရင်းနှီးကျွမ်းဝင်တဲ့နေရာလည်း ဖြစ်ပါတယ်"ဟု ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးဂျွန်ကာဘိုင်က ပြောသည်။

သမ္မတ အိုဘားမားအစိုးရအနေဖြင့် ယူကရိန်းတပ်ဖွဲ့ဝင်များအား လာမည့်နှစ်တွင် လေ့ကျင့်သင်ကြားပေးပြီး လက်နက်တပ်ဆင်ပေးရန် အမေရိကန်ဒေါ်လာ ၁၉ သန်းကိုလည်း ကွန်ဂရက်သို့တောင်ခံထားကြောင်း ကာဘိုင်က ပြောသည်။

ထိုအတောအတွင်း အမေရိကန်လွှတ်တော် အမတ်များကလည်း ယူကရိန်း တပ်ဖွဲ့ဝင်များအား ပိုမိုထောက်ပံ့မှုများ ပြုလုပ်ရန် တိုက်တွန်းဖော်ပြထားသည်။ **(ပရက်စ်တီဗွီ)**

များပြားသော သင်ကြားရေးဆိုင်ရာလုပ်ငန်းများကြောင့် တရုတ်ကျောင်းသားများ စိတ်ဖိစီးမှုများနေ

ပေကျင်း ဩဂုတ် ၂

ပြည်နယ် ၁၀ ခုရှိ မူလတန်းကျောင်းများကို လေ့လာဆန်းစစ်မှုများအရ တရုတ်နိုင်ငံမှ ကျောင်းသားများသည် များပြားလှသော သင်ကြားရေးဆိုင်ရာလုပ်ငန်းများကြောင့် စိတ်ဖိစီးမှုများနေရကြောင်း သင်ကြားရေးဆိုင်ရာ လေ့လာသူတစ်ဦးက တွေ့ရှိခဲ့သည်။

ကျောင်းစာသင်ချိန်များတွင် အထူးသဖြင့် သင်္ချာဘာသာရပ်နှင့် တရုတ်ဘာသာရပ်တို့အတွက် ပုံမှန်စာသင်ချိန်ထက် အချိန်ပိုပေးထားသည်ကိုတွေ့ရှိရပြီး အနုပညာနှင့် ကိုယ်ကာယလေ့ကျင့်မှုဆိုင်ရာ အချိန်များ၌ အကန့်အသတ်ရှိကြသည်။ အချို့ကျောင်းများ၌ တစ်နေ့လျှင်တစ်နာရီကြာ လုပ်ဆောင်ရမည့် ကာယလေ့ကျင့်ခန်းလုပ်ဆောင်ရန်ပင် ပျက်ကွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများကို ကျောင်းသားများ၏ အဆင့်သတ်မှတ်ခြင်းနှင့် ကျောင်းတက်လက်ခံရန်အတွက် ဝင်ခွင့်စာမေးပွဲများနှင့် ဆန့်ကျင်သည့် လုပ်ဆောင်မှုများအတွက် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး အချို့ကျောင်းများကို မသင့်တော်သော အဆိုပြုချက်များကို ပြင်ဆင်ရန်လည်း အမိန့်ထုတ်ပြန်ခဲ့သည်။ **(ဆင်ဟွာ)**

အီဘိုလာပိုးရပ်စ်တိုက်ဖျက်ရေးအတွက် တရုတ်ဆေးအဖွဲ့ လိုက်ဘေးရီးယားတွင် ဆက်လက်နေထိုင်

လားဂို့စ် ဩဂုတ် ၂

လိုက်ဘေးရီးယားရှိ တရုတ်ဆေးကုသရေးအဖွဲ့အနေဖြင့် အီဘိုလာဗိုင်းရပ်စ်ဖြစ်ပွားရာဒေသတွင် ကုသမှုများဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဇောင်ယောင်ဂျင်းက ပြောကြားခဲ့သည်။

အီဂျစ်နှင့်အမေရိကန် ဆေးကုသရေးအဖွဲ့များမှာ ကူးစက်ရောဂါဖြစ်ပွားလျက်ရှိသော လိုက်ဘေးရီးယားမြို့တော်ရှိ ဆေးရုံများမှ ဘေးကင်းရာဒေသများသို့ ပြောင်းရွှေ့သွားပြီဖြစ်သော်လည်း တရုတ်ဆေးကုသရေးအဖွဲ့မှာ ဒေသခံလူနာများကို ကြည့်ရှုစောင့်ရှောက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကူးစက်ရောဂါ ဆက်လက်ပြန့်ပွားနေရသည့် အကြောင်းအရင်းမှာ ပြည့်စုံလုံလောက်သော ကာကွယ်ပေးနိုင်စွမ်းမရှိခြင်းနှင့် ကျန်းမာရေးအသိပညာချို့တဲ့မှုတို့ကြောင့်ပင် ဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသားများအနေဖြင့်လည်း လွန်စွာအရေးကြီးသည့် အခြေအနေအကြောင်းကိစ္စမရှိဘဲ လိုက်ဘေးရီးယားသို့ သွားရောက်ခြင်း မပြုသင့်ကြောင်း ဇောင်က ထပ်လောင်းပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်ရန် ဂျပန်က ဗီယက်နမ်ကို သင်္ဘောခြောက်စင်းလက်ဆောင်ပေး

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးတို့ ဟနွိုင်း၌ တွေ့ဆုံစဉ်။

တိုကျို ဩဂုတ် ၂

တရုတ်နှင့် ပင်လယ်ရေပိုင်နက်အငြင်းပွားမှု မြင့်တက်နေချိန် ဂျပန်က ဗီယက်နမ်ကို တောင်တရုတ်ပင်လယ်အတွင်းကင်းလှည့်ရန် ရေတပ်သင်္ဘောခြောက်စင်း ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အဆိုပါကမ်းလှမ်းမှုမှာ ယမ်းငွေသန်း ၅၀၀(အမေရိကန်ဒေါ်လာ ၅ သန်း)တန်ဖိုးရှိပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှိဒါ ဟနွိုင်းသို့ သွားရောက်လည်ပတ်စဉ် အထက်ပါအတိုင်းကြေညာလိုက်ခြင်းဖြစ်သည်။

မေလအတွင်းက တရုတ်ရေနံတူးစင်အငြင်းပွားရေပိုင်နက်အတွင်း ဝင်ရောက်တူးဖော်ခဲ့သဖြင့် ဗီယက်နမ်၌ ဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ တရုတ်က ဗီယက်နမ်ကို မကျေမနပ်ဖြစ်ခဲ့သည်။

ဂျပန်နှင့်တရုတ်တို့သည် ဒိုင်အောယူခေါ် ဆန်ကာကုကျွန်းစု ပိုင်ဆိုင်မှုအပေါ် အငြင်းပွားနေကြသည်။

အဆိုပါ သင်္ဘောခြောက်စင်းသည် လေ့ကျင့်သင်ကြားရေးနှင့် ကမ်းခြေစောင့်တပ်များ၊ ငါးဖမ်းလုပ်ငန်းများအတွက် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း မစ္စတာကီရှီဒါက သတင်းထောက်များအား ပြောသည်။

ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သည် ဒေသဆိုင်ရာရေပိုင်နက်အတွင်း တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရေးနှင့် အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေအရ ဖြေရှင်းရေးတို့အတွက် သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ လက်ဆောင်သည် ဗီယက်နမ်နှင့် တရုတ်ဆက်ဆံရေးကို ပိုမိုဆိုးရွားလာနိုင်ကြောင်း တရုတ်လုံခြုံရေးမူဝါဒကျွမ်းကျင်သူ ယန်ဆန်း၏ပြောကြားချက်ကို ဗီယက်နမ်တန့်နိုယင်သတင်းစာက ကိုးကားဖော်ပြသည်။ **(ဘီဘီစီ)**

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် စက်ရုံပေါက်ကွဲမှုကြောင့် ၆၅ ဦးထက်မနည်းသေဆုံး

ခွန်ရှန် ဩဂုတ် ၂

ဂျင်နရယ်မော်တော် (ဂျီအမ်)အပါအဝင် အမေရိကန်ကားထုတ်လုပ်မှု ကုမ္ပဏီကြီးများအတွက် ဘီးများ ထုတ်လုပ်ပေးသည့် စက်ရုံတစ်ရုံ တရုတ်နိုင်ငံအရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံး လူ ၆၅ ဦး သေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိသွားခဲ့ရာ အဆိုပါဖြစ်ရပ်သည် တရုတ်နိုင်ငံအဖို့ တစ်နှစ်တာကာလအတွင်း အဆိုးရွားဆုံးသော စက်မှုဆိုင်ရာမတော်တဆမှုတစ်ရပ်ဖြစ်လာသည်။

စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းသော တရုတ်နိုင်ငံအရှေ့ပိုင်းကျန်းစူးပြည်နယ် ခွန်ရှန်မြို့တွင် ယနေ့နံနက် ၇ နာရီခွဲခန့်၌ အဆိုပါ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်း အစိုးရအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်နိုင်ငံမှ မီဒီယာများက ဖော်ပြကြသည်။

ကားဘီးခွေများ အရောင်တင်သည့် အလုပ်ရုံအတွင်း ရုတ်တရက်ပြင်းထန်စွာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း **(ယာပုံ)** မီဒီယာများက ဖော်ပြသည်။

ထုတ်ပြန်

ပေါ့ဆမှုကြောင့် အဆိုပါ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖုံအမှုန်များ ပြည့်နေသည့် အခန်းတစ်ခုအတွင်း မီးဖိုရာမှ အစပြု၍ ဖြစ်ပေါ်ခဲ့ရသည်ဟု ကနဦး စုံစမ်းစစ်ဆေးမှုများအရ သိရကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်များ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်လျက်ရှိကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါစက်ရုံသည် ကျုံးရွှန်းပလိတ်တင်း ကုမ္ပဏီပိုင်ဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် စက်ရုံအလုပ်သမား ၄၅၀တို့ လုပ်ငန်းခွင်ဝင်နေကြကြောင်း တရုတ်နိုင်ငံပိုင် ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ **(ရိုက်တာ)**

မြန်မာ - ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသဘောတူညီချက် အတည်ပြုလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၈) ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲသန္တာဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အမှတ်(၃)စစ်တိုင်းမှူး Lt-Gen.Pree-cha Jan-O-Cha နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt-Gen.Pree-cha Jan-O-Cha တို့ကအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်သန်းထွဋ်သိန်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့အတွင်းရေးမှူး Maj-Gen. Thana Charuwat နှင့် မြန်မာ-ထိုင်းဒေသဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက (၂၇) ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအားပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ပူးပေါင်းနှိမ်နင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များအား ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဟိုတယ်၌ ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြား ကော်မတီအစည်းအဝေး ကျင်းပမည့်ရက်နှင့် နေရာတို့ကို သတ်မှတ်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt-Gen. Pree-cha Jan-O-Cha တို့က (၂၈) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် မြန်မာ-ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❋ *ကျောဖုံးမှ*

ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ၄င်းပြိုင်ပွဲမှ Miss Myanmar International 2014 Award သရဖူဆု ရရှိသည့် အလှမယ်သည် ဂျပန်နိုင်ငံ၌ အောက်တိုဘာလအတွင်း ကျင်းပမည့် Miss International Beauty Pageant 2014 ပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည့်အပြင် နှစ်စဉ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြုလုပ်သည့် International Tourism Boerse (ITB 2015) ကမ္ဘာ့အကြီးဆုံးခရီးသွားပြပွဲသို့လည်း တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

" ဒီ ဩဂုတ် ၁ ရက်ကစပြီး ဆန်ခါတင်ရွေးချယ်ထားတဲ့ အလှမယ် ၂၀ ကို မတင်မိုးလွင်ဦးစီးပြီး သင်ကြားမှုတွေ စတင်လုပ်ဆောင်ပေးနေပါပြီ။ မော်ဒယ် အလှမယ်တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရာတွေ၊ တိုင်းရင်းသားရိုးရာမှုတွေ၊ အပြောအဆို၊ အတွေးအခေါ်၊ ကိုယ့်နိုင်ငံယဉ်ကျေးမှု ဒါတွေအပြင် အထွေထွေဗဟုသုတကြွယ်ဝစေဖို့လည်း စခန်းသွင်းပြီး သင်တန်းအနေနဲ့ ပို့ချပေးသွားမှာဖြစ်တယ်။ သူတို့လေးတွေကို ချောမောလှပတဲ့ အလှမယ်လေးတွေ ဖြစ်လာရုံတင်မကဘဲ နိုင်ငံရဲ့အရည်အသွေးရှိတဲ့ မြန်မာအမျိုးသမီးလေးတွေ၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို တန်ဖိုးထားချစ်မြတ်နိုးစိတ်နဲ့အတူ ပရဟိတလုပ်ငန်းတွေကို တမြတ်တနိုးနဲ့ စိတ်ပါဝင်စားမှုဖြစ်လာစေဖို့ ရည်ရွယ်ပြီး နောင်အနာဂတ် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမယ့် မျိုးဆက်သစ်ကြယ်ပွင့်လေးတွေ ဖြစ်လာစေဖို့ ရည်ရွယ် လုပ်ဆောင်လေ့ကျင့်ပေးမှာဖြစ်ပါတယ်။ ဒီကလေးတွေဟာ တိုင်းပြည်ရဲ့နောင်အနာဂတ် ကြယ်ပွင့်လေးတွေ ပါ" ဟု Miss Myanmar International 2014 ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မာမြင့်က ပြောကြားသည်။

ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည့် Miss Myanmar International 2014 ပြိုင်ပွဲတွင် Miss Myanmar International 2014 Award သရဖူဆုရရှိသည့်အလှမယ်ကို ငွေကျပ်သိန်း ၁၀၀၊ 1st Runner Up ဆုကို ငွေကျပ်သိန်း ၆၀၊ 2nd Runner Up ဆုရရှိသူကို ငွေကျပ်သိန်း ၄၀ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အခြား Title ဆု နှစ်ဆုဖြစ်သည့် Miss Photogenic နှင့် Miss Beauty ဆုတို့ကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ပြီးခဲ့သည့် Miss International 2013 သရဖူရရှိခဲ့သည့် ဖိလစ်ပိုင်အလှမယ် Ms. Bea Rose Santiago နှင့်သူ၏ Organizer ကိုလည်း ဖိတ်ခေါ်ထားပြီး ဂျပန်နိုင်ငံမှ Miss International 2014 Organizer ကိုလည်းဖိတ်ခေါ်ထားပြီဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ Miss Myanmar International 2014 အတွက် ဆန်ခါတင်ရွေးချယ်ထားသည့် အလှမယ် ၂၀ သည် နေပြည်တော်ဝန်းကျင်နှင့် အထင်ကရ နေရာများသို့ သွားရောက်လေ့လာမှုများနှင့်အတူ လူမှုရေးလုပ်ငန်းနှင့် ပရဟိတလုပ်ငန်းများကို သုံးရက်ကြာ ခရီးထွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးထပ်ကြီးဘုရား ၁၀၉ နှစ်ပြည့် မင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂

စမ်းချောင်းမြို့နယ် ဗားကရာ ဘုန်းတော်ကြီးများကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား သက်တော် ၁၀၉ နှစ်ပြည့် မင်္ဂလာမဟာပဋ္ဌာန်းမြတ်ဖြင့် ပူဇော်ခြင်းအခမ်းအနားကို ဇူလိုင် ၃၁ရက် ည ၇နာရီက ဘုရားကြီး၏ ဂန္ဓကုဋိတိုက်တော်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင်များ ဘုရားကြီး၏ အရိပ်တော်အောက်ရှိ အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များကို ဂေါပကအဖွဲ့ဝင် ဩဝါဒါစရိယ ဆရာတော်များဖြစ်သည့် ဘဒ္ဒန္တပဏ္ဍိတ (အင်းစိန်ကျောင်းဆရာတော်) က ငါးပါးသီလ ချီးမြှင့်ပေးတော်မူပြီး ဘဒ္ဒန္တဇဝန (လောကပီယကျောင်းဆရာတော်)က ပဋ္ဌာန်းဩဝါဒကထာကို ချီးမြှင့်ပေးတော်မူခဲ့သည်။

ထို့နောက် ဂေါပကအဖွဲ့ဝင် ဦးထွန်းနိုင်က ဂေါပကအဖွဲ့၏ဆောင်ရွက်မှုဆိုင်ရာများကို လျှောက်ထားခဲ့သည်။ ဆက်လက်၍ ဗားကရာကျောင်းတိုက်အတွင်းမှ ဆရာတော်သံဃာတော်များက မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။

မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် ည ၇ နာရီခွဲ၊ ဩဂုတ် ၅ ရက် နံနက် ၉ နာရီအထိ နာရီပေါင်း ၁၁၀ အကြာ ရွတ်ဖတ်ပူဇော်သွားမည်ဟု သိရသည်။ **ဘော်ဂါသွေး**

လူငယ်နှီးနှောဖလှယ်ပွဲတက်ရန် ကင်းထောက်အဖွဲ့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂

ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းနှင့် ကိုရီးယားနိုင်ငံ ကင်းထောက်အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပမည့် တစ်ကမ္ဘာလုံးဆိုင်ရာ ကင်းထောက်အဖွဲ့ကြီး၏ လူငယ်နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ဆိုးလ်မြို့၌ကျင်းပမည်ဖြစ်ရာ မြန်မာကင်းထောက်အဖွဲ့က တက်ရောက်ရန်အတွက် ဇူလိုင် ၃၀ ရက် ည ၁၁ နာရီက အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာသွားကြသည်။

မြန်မာကင်းထောက်အဖွဲ့တွင် ကြီးကြပ်သူဆရာမ ဒေါ်ခိုင်ချိုအောင် (အထက-၂ လသာ)၊ မောင်ညဏ်ရဲထက်(အထက-၂၊ မင်္ဂလာဒုံ)၊ မအေးဘုန်းပြည့်ချို(အထက-၂၊ ကမာရွတ်) တို့ တက်ရောက်ကြမည်ဖြစ်သည်။

နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြမည့် မြန်မာကင်းထောက်အဖွဲ့အား မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ကင်းထောက်ကြီး ဦးသာစိန်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ကြည်၊ သက်ဆိုင်ရာကျောင်းများမှကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(ဝဲပုံ) သန်းဆွေ (ပန်းဘဲတန်း)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားအခြားလှူဖွယ်ပစ္စည်းများနှင့် ဗလာစာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင်ကျင်းပသည်။

အခမ်းအနားတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တိုင်းကြီးကြပ်ရေး အတွင်းရေးမှူး သာကေတမြို့နယ်ဥက္ကဋ္ဌ နတ်မောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေး၊ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြနှင့် အလှူရှင်တို့က ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး အခြားလှူဖွယ်ပစ္စည်းများနှင့် ဗလာစာအုပ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းက လှူဒါန်းသော ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပေါက်တောမြို့နယ်၊ မြို့နယ်ခန်းမဆောက်လုပ်ခြင်း ပေ(၁၂၀×၆၀×၂၀)

(ခ) မြောက်ဦးမြို့နယ်၊ မြို့နယ်ခန်းမဆောက်လုပ်ခြင်း ပေ(၁၅၀×၆၀×၁၆)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၅-၈-၂၀၁၄ရက်တွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ၁၅-၈-၂၀၁၄ရက် ၁၈း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး(ငွေစာရင်းဌာနစိတ်)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၇၉၈၊ ၂၂၇၉၉ နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အသံသရုပ်ဖော်စကားလုံးများ

မောင်ခင်မင်(ဓနုဖြူ)

"ထင်လွယ်မြင်လွယ်အောင် ရေးပုံအကြောင်းကို ဟိုအစ်ကိုကြီးနဲ့ အစ်မကြီးကို ဘဘရှင်းပြတာ သုံးကြိမ်တောင်နော်ဘဘ။ သမီးတို့နှစ်ယောက်လည်း နားထောင်ရတာ မှတ်စရာတွေအများကြီးရပါတယ်"

"အေး. . . သမီးတို့နှစ်ယောက် နောက်နားမှာ ထိုင်ပြီးနားထောင်နေတာ ဘဘသိပါတယ်။ သမီးတို့ရော မေးချင်တာရှိသလား"

ဖြူဖြူနှင့်မူမူ ညီအစ်မနှစ်ယောက် ရောက်လာပြီး စကားစခြင်း ဖြစ်ပါသည်။ ကျွန်တော်က စကားလမ်းကြောင်းပေးလိုက်သည်။

"သမီးတစ်ခုစဉ်းစားမိလို့ပါ။ မျက်စိနဲ့မြင်ရတဲ့ဟာတွေကို ထင်လွယ်မြင်လွယ်ဖြစ်အောင် ဖော်ပြတာမျိုးကို နားနဲ့ကြားရတဲ့အသံတွေကို ကြားယောင်လာအောင် ဖော်ပြတဲ့စကားလုံးတွေလည်း ရှိတယ်မဟုတ်လား ဘဘ"

"ဩော်. . ရှိတယ်လေ သမီးရဲ့၊ သေနတ်သံကို ဖော်ပြတဲ့ 'ဒိုင်း' တို့၊ မိုးခြိမ်းသံကိုဖော်ပြတဲ့ 'ဂျိုးဂျိုးဂျိမ်းဂျိမ်း'တို့လို စကားလုံးမျိုးတွေပေါ့"

"ဟုတ်ကဲ့။ သမီးတို့ မြန်မာစာမှာ သင်ရတဲ့မြည်သံစွဲအလင်္ကာတွေဟာလည်း မြည်သံတွေကိုဖော်ပြတဲ့စကားလုံးတွေပဲပေါ့နော်။ 'တောင်လေရှူးရှူး'တို့ 'နောင်နောင်နင်နင်' တို့. . ."

"ဟုတ်ပါတယ်ကွဲ့။ စာတွေပေတွေထဲမှာ မြည်သံတွေကို သရုပ်ဖော်တဲ့ စကားလုံးတွေကို မြည်သံစွဲအလင်္ကာမြောက်တယ်လို့ သမီးတို့ ခေါ်တယ်မဟုတ်လား၊ စာပေတွေထဲမှာသာမဟုတ်ဘူး၊ နေ့တိုင်းသုံးနေတဲ့စကားတွေထဲမှာလည်း မြည်သံစွဲစကားလုံးတွေ အများကြီးရှိတယ်လေ"

"ဟုတ်ပါတယ်ဘဘ။ သမီးတို့ကတော့ ကျောင်းမှာသင်ရတဲ့ စကားလုံးတွေပဲ သိတာပါ၊ အဲဒီစကားလုံးမျိုးတွေအကြောင်း ပိုပြီးသိချင်လို့ ဘဘဆီလာကြတာပါ"

"အေး. . . ဘဘပြောပြမှာပေါ့ကွယ်။ စကားပြောရင်ဖြစ်ဖြစ်၊ စာရေးရင်ဖြစ်ဖြစ် အသံဗလံတွေကို ဖော်ပြမယ်ဆိုရင် အဲဒီမြည်သံစွဲတွေသုံးတာ နားထဲမှာကြားယောင်လာနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါဘဘ"

"ကဲ. . . ပထမဆုံး စာပေတွေထဲမှာသုံးတဲ့ မြည်သံစွဲစကားလုံးတွေအကြောင်း ပြောပြမယ်နော်။ အင်းဝခေတ်က ပျို့ကဗျာတွေထဲမှာ ဆည်းလည်းကလေးတွေ မြည်တဲ့အသံကို ဘယ်လိုဖွဲ့သလဲသိလား၊ ပြာသာဒ်မှာချိတ်ဆွဲထားတဲ့ ဆည်းလည်းကလေးတွေလေ"

"ပြောပြပါဘဘ"

"ဆည်းလည်းကလေးတွေက 'ညောင်းညောင်းညုန်းညုန်း'လို့ မြည်တယ်တဲ့ကွဲ့။ ဘယ်လောက်ချစ်စရာကောင်းသလဲနော်"

"ဟုတ်တယ်နော်ဘဘ၊ သာယာတဲ့အသံကလေးတွေ ပေါ်လာသလိုပဲ"

"သမီးတို့သင်ရတဲ့ ဝန်ကြီးပဒေသရာဇာရဲ့ လယ်သမားဘွဲ့ရေးနည်းမှာ ဖွဲ့ထားတာကိုကြည့်။လယ်သမားမိသားစု ထမင်းဝိုင်းဖွဲ့ပုံကို ထမင်းကပူဟင်းကပူ၊ ရှူရှူသာ ရှမ်းငရုတ်ကယ်နှင့်လေးလို့ ဖွဲ့ထားတယ်မဟုတ်လား။ ငရုတ်သီးစပ်လို့ ပါးစပ်က ရှူးရှူးရှဲရှဲ မြည်တဲ့အသံကို ကြားယောင်လာနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ရုပ်ကြမ်းကြမ်းအသံမျိုးကို ဖွဲ့ပုံကြည့်ဦး။ လက်ဝဲသုန္ဒရရဲ့ မဲဇာတောင်ခြေ ရတုမှာ မဲဇာတောထဲမှာ ဆီးနှင်းတွေ မိုးရွာသလိုကျနေပုံကို 'သံဝါဖြောက်ဖြောက် ဆီးနှင်းပေါက်လည်း မိုးလောက်ပြင်းထန် သွန်းချပြန်သော်'တဲ့ 'ဖြောက်ပေါက်လောက်'ဆိုတဲ့ စကားလုံးတွေက ဆီးနှင်းတွေကျတဲ့အသံကို ကြမ်းကြမ်းတမ်းတမ်း ထွက်လာတာလေ"

"ဟုတ်ကဲ့ပါ ဘဘ"

"ဒီဘက်ခေတ်စာတွေထဲက ပြောရရင် ဆရာကြီးမင်းသုဝဏ်ရဲ့ 'ပြောသံ'ကဗျာပေါ့ကွယ်။ ရှင်လောင်းလှည့်ပုံကို ဖွဲ့ထားတာလေ။ စစချင်း 'ပလုတ်ဖြုန်းရယ်နဲ့' လို့ ပြောသံကလေးနဲ့စပြီး ကဗျာအဆုံးသတ်တော့လည်း 'ညဦးတဲ့တုတ်ဖြုန်း'လို့ ပြောသံကလေးနဲ့ အဆုံးသတ်ထားတာ သိပ်လှတာပဲကွယ်။ အဖွင့်အပိတ်လည်း ညီတာပေါ့"

"ဟုတ်ကဲ့"

"အဲဒီ မြည်သံစွဲစကားလုံးကလေးတွေကြောင့် ကဗျာတွေ အသက်ဝင်ပြီး နှစ်သက်စရာကောင်းတာမို့ အဲဒီစကားလုံးတွေကိုလည်း တန်ဆာဆင်တဲ့ အလင်္ကာအဖြစ်နဲ့ မြည်သံစွဲအလင်္ကာလို့ခေါ်ကြတာပေါ့ကွယ်"

"သမီးတို့မှတ်ထားပါမယ် ဘဘ"

"ဘဘပြောခဲ့သလိုပဲ၊ အဲဒီမြည်သံစွဲတွေဟာ နေ့စဉ်သုံးနေတဲ့ စကားတွေထဲမှာလည်း သိပ်အသုံးတွင်ကျယ်တာမို့ ဆီလျော်တဲ့နေရာမှာ ထည့်သုံးလေ့ရှိကြတယ်ကွဲ့"

"ဘယ်လိုသုံးတာပါလဲ ဘဘ"

"အေး. . . ပြောပြပါမယ်။ ပထမဆုံးလူတွေရဲ့ ပါးစပ်က ထွက်တဲ့အသံတွေကို ဘယ်လိုဖော်ပြသလဲဆိုတာ စဉ်းစားကြည့်ရအောင်။ ကလေးငိုတဲ့အသံကို ဘယ်လိုဖော်ပြသလဲကွယ်"

"တဝါးဝါးငိုတယ်လို့ ပြောတယ်မဟုတ်လား ဘဘ"

"ဟုတ်ပါတယ်။ ကလေးငိုတဲ့အသံက 'ဝါး'လို့ မြည်တဲ့အသံလေ။ အဲဒီအသံကို သရုပ်ဖော်ရင် ကလေးက 'တဝါးဝါးငိုတယ်' ဒါမှမဟုတ် 'ဝါးခနဲ ငိုလိုက်တယ်'လို့ ဖော်ပြရတယ်လေ။ အဲဒီ 'ဝါး'ဆိုတဲ့ စကားလုံးဟာ မြည်သံစွဲစကားလုံးပေါ့ကွယ်။ ကဲ လူတွေရယ်ရင်ရော ဘယ်လိုအသံထွက်သလဲကွယ်"

"ဟားဟားလို့ အသံထွက်ပါတယ်"

"ဟဲဟဲလို့လည်း အသံထွက်ပါတယ်။ ဟီးဟီးလို့လည်း အသံထွက်ပါတယ် ဘဘ"

"သမီးတို့ တယ်တော်ပါကလား။ အဲဒီအသံတွေကိုမူတည်ပြီး 'တဟားဟားရယ်နေတယ်'၊ 'တဟဲဟဲရယ်နေတယ်'၊ 'ဟီးဟီး' ဆိုတဲ့ ရယ်သံထွက်လာတယ်ဆိုတာမျိုး သုံးတာပေါ့ကွယ်"

စာတွေပေတွေထဲမှာမြည်သံတွေကို သရုပ်ဖော်တဲ့ စကားလုံးတွေကို မြည်သံစွဲအလင်္ကာမြောက်တယ်လို့ သမီးတို့ ခေါ်တယ်မဟုတ်လား၊ စာပေတွေထဲမှာသာမဟုတ်ဘူး၊ နေ့တိုင်းသုံးနေတဲ့စကားတွေထဲမှာလည်း မြည်သံစွဲစကားလုံးတွေ အများကြီးရှိတယ်လေ

"ဘဘ တဝါးဝါးရယ်တယ်လို့လည်း သုံးတယ်မဟုတ်လား"

"အေးကွဲ့၊ တဝါးဝါးဆိုတဲ့ အသံက ကလေးငိုတဲ့ အသံလည်းဖြစ်တယ်၊ လူတွေရယ်တဲ့ အသံလည်း ဖြစ်တယ်။ အဲဒီလိုပဲ 'တဟင်ဟင် ညည်းတယ်၊ တရှုတ်ရှုတ်ငိုတယ် ၊ တအီအီငိုတယ်' ဆိုတာတွေလည်း သုံးပါတယ်။ တဟင့်ဟင့် ရှိုက်နေတယ်ဆိုတာ လည်းပါတာပေါ့"

"ကြားရတဲ့အသံကို အနီးစပ်ဆုံးဖော်ပြတာပဲပေါ့နော် ဘဘ။ ပြီးတော့ သမီးတို့ကလည်း တစ်ယောက်ကို 'အသံကြီး တဗြဲဗြဲနဲ့ အော်ငိုတယ်'လို့ သူ့အမေက အမြဲပြောတာလည်း ကြားရပါတယ် ဘဘ"

"အေး 'ဗြဲခနဲ ထငိုတယ်'လို့လည်း ပြောမှာပေါ့။ အဲဒီလိုပဲ 'လက်ခုပ်တဖြောင်းဖြောင်းတီးတယ်'၊ 'လက်ဝါးနဲ့ တဖြန်းဖြန်းရိုက်တယ်' ဆိုတာမျိုးတွေလည်း သုံးတာပေါ့ကွယ်"

"ဘဘ ဖယောင်းတိုင်မီးကို ဖူးခနဲမှုတ်တာလည်း ပါမှာပေါ့နော်''

"ဟုတ်တယ်။ ပြောရင်တော့ဆုံးမှာမဟုတ်တော့ဘူး။ ကဲ-တိရစ္ဆာန်တွေရဲ့အသံကိုရော မြည်သံစွဲစကားလုံးတွေနဲ့ ဘယ်လိုပြောပြပါလိမ့်"

"ခွေးကဝုတ်ဝုတ်လို့ဟောင်တယ်၊ ကြောင်ကညောင်ညောင်လို့အော်တယ်"

"ကျားကြီးက ဝေါင်းခနဲဟိန်းတယ်၊ မျောက်ကတော့ 'ကွိကျိကွိကျိ'တဲ့ ဘဘ"

"တော်လိုက်ကြတာ။ ကြက်က 'အောက်အီးအီးအွတ်'လို့ တွန်တာလည်းမမေ့ကြနဲ့လေ"

"ရှေးစာတွေထဲမှာတော့ 'မျောက်က ကြိုးခွေ၊ ဒေါင်းက အိုးဝေ'လို့ ရေးတယ်ကွဲ့၊ မျောက်အော်တဲ့အသံက 'ကြိုးခွေ'လို့ မြည်သတဲ့။ ဒေါင်းသံကတော့ 'အိုးဝေ'လို့ မြည်သတဲ့"

"ဘဘ-တောက်တဲ့ကတော့ သူအော်တဲ့အသံနဲ့ သူ့နာမည်နဲ့ တူတယ်နော်"

"အေး- တောက်တဲ့လိုပဲ အော်တဲ့အသံနဲ့ နာမည်မှည့်ထားတဲ့သတ္တဝါ ခုနစ်မျိုးရှိတယ်ကွဲ့။ စာတွေထဲမှာ ကိုယ့်နာမည်ကိုဖော် သူတော်ခုနစ်ပါးလို့တွေ့ရတယ်။ ကျန်တဲ့ခြောက်မျိုးက တစ်တီတူး၊ ဇီးကွက်၊ ဒီးဒုတ်၊ ရွှေပြည်စိုး၊ ဥဩနဲ့ ခွေးခေါ်ဆိုတဲ့ ရစ်ငှက်၊ အဲဒီခြောက်မျိုးပဲ"

"သမီးတို့ မှတ်ထားပါ့မယ် ဘဘ"

"ရှေးကဗျာလေးတစ်ပုဒ်မှာ အမေပျောက်လို့ လိုက်ရှာနေတဲ့ နွားကလေးကို ဖွဲ့ထားတာက 'တဗူးတဗယ်ဗယ်နဲ့ နွားသူငယ်မိခင်ပျောက် ရှာရော့ထင့်၊ ဆင်းရေသောက်လမ်းတဲ့ကွဲ့" 'ဗူးဗူးဗယ်ဗယ်' အော်နေတဲ့ နွားကလေးရဲ့အသံကိုပါ ဖွဲ့ထားတာလေ"

"သနားစရာကလေးနော် ဘဘ"

"အေး-နွားကလေးတွေ အော်တဲ့အသံကို နားထောင်ကြည့်ပေါ့ကွယ်။ နောက်မြည်သံစွဲတစ်ပါးက လူလုပ်တဲ့အသံတွေဆိုပါတော့၊ အသုံးအဆောင်ပစ္စည်းတွေကို အသံထွက်အောင် ထုလိုက်ရိုက်လိုက်ထိလိုက်တဲ့ အသံမျိုးတွေပေါ့ကွယ်"

"ကြေးစည်တီးလိုက်ရင် 'ဒူဝေဝေ'လို့မြည်တဲ့ အသံမျိုးလား ဘဘ"

"ဆိုင်းဝိုင်းမှာ ပတ်မကြီးကိုတီးရင် 'ဗေထိ'လို့ မြည်တယ်နော် ဘဘ"

"ဟုတ်ပါတယ်။ 'ဒုံးဒိုင်း အုံးဂွမ်း ချလွမ်' ဆိုတဲ့အသံတွေလည်း ပါတာပေါ့"

"သတိရလို့ပြောရဦးမယ်။ ချောင်းထဲမြစ်ထဲမှာ သမ္ဗန်ခတ်လို့ မြည်တဲ့အသံကို စာရေးဆရာကြီးနှစ်ယောက်က သရုပ်ဖော်ဖူးတယ်။ သိပ္ပံမောင်ဝက 'ကျွိကျွိအီးဖတ်ဖတ်'လို့ ကြားသတဲ့။ အဲ- ရန်ကုန်ဘဆွေကတော့ 'ဂျော်ဂျစ်-ဖြဲဖြဲဖြဲဖြဲ'လို့ကြားသတဲ့ကွယ်။ တက်နဲ့ခတ်လိုက်လို့ရေကို ထိသွားတဲ့ အသံတွေပေါ့ကွယ်"

"စိတ်ဝင်စားဖို့ကောင်းတယ်နော် ဘဘ"

"အေး---နောက်ဆုံးပြောမယ့် မြည်သံစွဲကတော့ သဘာဝပတ်ဝန်းကျင်ကအသံတွေပေါ့ကွယ်။ လေတွေတဝုန်းဝုန်းတိုက်နေတယ်။ မိုးကြိုးတွေတဂျိမ်းဂျိမ်းပစ်နေတယ် ဆိုတာမျိုးပေါ့"

"လေသိပ်မပြင်းရင်တဝှီးဝှီးတိုက်တယ်လို့လည်းသုံးတယ်။ ဟုတ်လား ဘဘ"

"အေး ---တဝှီးဝှီးတို့ တဟူးဟူးတို့သုံးတာပေါ့ကွယ်။ တချို့စကားတွေက မြည်သံစွဲမှန်း မသိသာဘူး။ ချောင်းရေတသွင်သွင်စီးနေတယ် ဆိုတာမျိုးပေါ့။ တကယ်တော့ 'သွင်သွင်'ဆိုတာတငြိမ့်ငြိမ့်စီးနေတဲ့ ရေစီးသံကလေးကို သရုပ်ဖော်ထားတာပါ"

"သမီးတို့သတိမထားမိပါဘူး ဘဘ၊ မှတ်ထားပါ့မယ်"

"မြည်သံနဲ့နာမည်မှည့်ထားတဲ့ အသုံးအဆောင်တွေလည်း ရှိတယ်ကွဲ့။ ဘဘ သတိ ထားမိတာကတော့ 'ကြွပ်ကြွပ်အိတ်'ရယ် 'ဂွပ်ဂွပ် 'ဖိနပ်ရယ်ပဲ"

"ဒီလောက်ဆိုရင် မြည်သံစွဲစကားတွေ ဘယ်လောက်အသုံးတွင်ကျယ်တယ်ဆိုတာ သမီးတို့သိလောက်ပြီပေါ့။ သုံးတဲ့နေရာမှာတော့ ရုတ်တရက်အသံထွက်လာတာ ဆိုရင် ဒိုင်းခနဲ ဝုန်းခနဲ၊ ဖုန်းခနဲဆိုတာမျိုး နောက်က 'ခနဲ'ဆိုတဲ့စကားတွဲသုံးလေ့ရှိတယ်။အသံတွေဆက်ဆက်ပြီး ပေါ်နေတာဆိုရင်တော့" 'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'နဲ့ ပစ်နေတယ်' 'တဒိုင်းဒိုင်း ပစ်နေတယ်' ဆိုတာမျိုးသုံးတယ်။ များသောအားဖြင့် 'ဟား ဟား ဟား ဟား၊ ဝုန်း ဝုန်း ဝုန်း ဝုန်း' ဆိုတာမျိုး လေးလုံးဆင့်သုံးရင် သုံးမယ်။ ရှေ့က 'တ'တွဲပြီး 'တဒိုင်းဒိုင်း'၊ 'တဝုန်းဝုန်း'ဆိုတာမျိုး နှစ်လုံးဆင့်ပြီး သုံးရင် သုံးမယ်၊ စကားထဲမှာ အဲဒီမြည်သံစွဲတွေလိုအပ်သလို ထည့်သုံးရင် အသံတွေ သရုပ်ပေါ်လာပြီး ကြားယောင်လာနိုင်တာပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများ၊ စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံချက်

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်များကို ဘာသာရပ် (၁၆)မျိုးခွဲခြား၍ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အဆင့်စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ပိုမိုမျှတမှုရှိစေရန် လက်ရှိနိုင်ငံ့ဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်သော စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာအုပ်များရရှိစေရေးအတွက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီအတွက် မပါရှိတော့ပါ။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ်စာအုပ်များကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ စာအုပ်လေးအုပ်စီပေးပို့နိုင်ရေး ၂၀၁၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှု မရှိစေရန်တို့အတွက် စာပေထုတ်ဝေ/ ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသား စာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ အကြံပြုချက်များပေးပို့လိုပါက ပေးပို့နိုင်ပါရန် ထပ်မံဖြည့်စွက် ဖိတ်ခေါ်ထားသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ စာရေးသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကို ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာအတိုင်း (၂၈-၂-၂၀၁၅)ရက် နောက်ဆုံးထား ပေးပို့နိုင်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉၊ စာတိုက်မှ ပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု (Third Wave) တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ၏ အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဟောပြောပို့ချနေစဉ်။ မိုးမိုး(လှိုင်)

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

အကြိုလေကြောင်းဝန်ဆောင်မှု လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဖွင့်

နေပြည်တော် ဩဂုတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် ထိုင်းနိုင်ငံအခြေစိုက် MJETS ကုမ္ပဏီတို့ အကြိုလေကြောင်း ဝန်ဆောင်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မြန်မာ့လေကြောင်းလေယာဉ်ရုံသစ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်း က MYANMAR MJETS BUSINESS AVIATION CENTRE ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်လို

ထို့နောက် MJETS Co.,Ltd. တည်ထောင်သူ Mr. Willian E.Heinecke က ပုဂ္ဂလိက ဂျက်လေယာဉ်ဝန်ဆောင်မှု လုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံလိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ အကောင်းဆုံး မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် မြန်မာ့လေကြောင်းနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

MJETS Co., Ltd. သည် ထိုင်းနိုင်ငံ ဗန်ကောက်တွင်အခြေပြုလျက် Gulfstream Cessna Citation လေယာဉ်များ၊ စင်းလုံးငှားလေယာဉ်များ၊ ကျန်းမာရေးဝန်ဆောင်မှု စင်းလုံးငှားလေယာဉ်များ၊ ခရီးသွားလုပ်ငန်းများနှင့် မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ပြီး ဈေးကွက်ရရှိထားသော ကုမ္ပဏီဖြစ်ရာ မြန်မာ့လေကြောင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လေယာဉ်မှူးများ၊ အင်ဂျင်နီယာများနှင့် မြေပြင်ဝန်ထမ်းများအတွက် အလုပ်အကိုင် ပိုမိုရရှိလာမည်ဖြစ်ပြီး လေကြောင်းစီးပွားရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းပေးပို့မှုလုပ်ငန်းများ ချောမွေ့စေရေး သတင်းထောက်မွမ်းမံသင်တန်း မော်လမြိုင်၌ဖွင့်

မော်လမြိုင် ဩဂုတ် ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမဝါယမသင်တန်းကျောင်းတွင် ဩဂုတ် ၂ ရက် မှ ၃ ရက်အထိ နံနက် ၉နာရီမှ ညနေ ၃ နာရီအတွင်း သတင်းထောက် မွမ်းမံသင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ မွမ်းမံသင်တန်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်များသို့ သတင်းရေးသားပေးပို့နေကြသော မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးတို့မှ သတင်းထောက် သင်တန်းသား ၂၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို သတင်းပေးပို့ခြင်း လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းအရည်အသွေးတိုးတက်မြင့်မားလာစေရန် ဖြစ်ပြီး လူမှုတာဝန်သိသောအများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန် ရည်ရွယ်၍ သင်တန်းနည်းပြဆရာများဖြစ်ကြသည့် ကြေးမုံစာတည်းမှူးချုပ်ဆရာ ဦးခင်မောင်ကျော်ဒင်နှင့် ဆရာဦးဟန်ညွန့် (ဥပဒေပညာရှင်) တို့က အခြေခံသတင်းရေးသားနည်းများ၊ မီဒီယာဥပဒေကျင့်ဝတ်ပိုင်းဆိုင်ရာများ၊ ရှောင်ရန်ဆောင်ရန်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးပို့ချပြီး လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲကို ဗထူးအားကစားခန်းမ၌ ဩဂုတ် ၁ ရက်က ကျင်းပရာ မြို့နယ် ၁၇ မြို့နယ်တို့မှ နှစ်ယောက်တွဲပြိုင်ပွဲဝင် ၉၃ ဦး၊ သုံးယောက်တွဲပြိုင်ပွဲဝင် ၁၅၅ ဦးတို့က အုပ်စု ၁၁ အုပ်စုတို့၌ပါဝင်ကြပြီး နှစ်ယောက်တွဲပွဲစဉ်ပြိုင်ပွဲ ၂၉ ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။ (သုံးယောက်တွဲ ပွဲစဉ်ပြိုင်ပွဲကို ဩဂုတ် ၃ ရက်၊ ၄ ရက်နှင့် ဩဂုတ် ၅ ရက်တို့တွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်မည်ဖြစ်သည်။

တင်မောင်(မန္တလေး)

Ebola ရောဂါ မြန်မာပြည်အတွင်းသို့ ကူးစက်မှုမရှိစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသည် အဓိကကူးစက်မြန်ရောဂါများ၊ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သော ရောဂါများ၊ အသစ်ဖြစ်ပေါ်လာသော ကူးစက်မြန်ရောဂါများ၊ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသောရောဂါများ၊ စောင့်ကြပ်ကြည့်ရှုရသော ရောဂါ ၁၇ မျိုး၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲ ပြဿနာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားတတ်သောကူး စက်ရောဂါများ၊ ရာသီဥတုပြောင်းလဲပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးပြဿနာများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ စောစီးစွာတုံ့ပြန်ဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများကင်းစင်ပပျောက်ရေး၊ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လျော့နည်းစေရေးနှင့် ကင်းစင်ပပျောက်မှု၊ လျော့နည်းလာမှုအခြေအနေများကို ဆက်လက်ထိန်းသိမ်းစေရေး၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ၊ နောက်ဆက်တွဲပြဿနာများဖြစ်သော စီးပွားရေးနှင့်လူမှုရေးဆုံးရှုံးမှုများ လျော့နည်းစေရေး၊ ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသောရောဂါများ၊ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရန်၊ ကူးစက်ရောဂါများ ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကာကွယ်ရန်နှင့်စောစီးစွာသိရှိ၍ ထိန်းချုပ်နိုင်ရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများနှင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများအား ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရှေ့တောင်အာရှဒေသနိုင်ငံများအပါအဝင်ကမ္ဘာ့နိုင်ငံများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၃ ခုနှစ်က ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ဖြစ်ပွားခဲ့သော ဆားစ်ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါကို မြန်မာနိုင်ငံသို့ ကူးစက်ဝင်ရောက်မှုမရှိအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၉ခုနှစ်က ဖြစ်ပွားခဲ့သော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှုကိုလည်း ကူးစက်မှုနှင့် သေဆုံးမှု အနည်းဆုံးဖြစ်အောင် အမျိုးသားအဆင့် ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်များတွင် နိုင်ငံအချို့၌ ဖြစ်ပွားကူးစက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါ (H7N9)နှင့် မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS-CoV)များ မြန်မာနိုင်ငံသို့ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Ebola virus ကူးစက်မှုသည် ထိန်းချုပ်ရန်ခက်ခဲပြီး ရောဂါပိုးရှိသော လူနာများ၏ ခန္ဓာကိုယ်မှထွက်သော အရည်များဖြစ်သည့် တံတွေး၊ သလိပ်၊ သွေးတို့ကို တိုက်ရိုက်ထိတွေ့ကိုင်တွယ်မှုကြောင့် အဓိကကူးစက်ပြန့်ပွားခြင်းဖြစ်ပြီး ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် Pandemic(H1N1) 2009၊ ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ၊ H7N9၊ MERS-CoV စသည့် ကူးစက်မြန်ရောဂါများကဲ့သို့ လေထဲမှ ကူးစက်ပြန့်ပွားမှုမရှိကြောင်း၊ ရောဂါရှိသူများနှင့်တိုက်ရိုက်ထိတွေ့သူများ၊ ကိုင်တွယ်ပြုစုသူများတွင်သာ ရောဂါကူးစက်နိုင်ခြေရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် Pandemic (H1N1) 2009၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၊ H7N9၊ MERS CoV ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် ကာကွယ်နှိမ်နင်းလျက်ရှိရာ Ebola ရောဂါ မြန်မာပြည်အတွင်းသို့ ကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လွန်ခဲ့သော မတ်လအတွင်း ရောဂါကူးစက်ပြန့်ပွားနေသော အာဖရိက အနောက်လေးနိုင်ငံဖြစ်သော (Guinea, Liberia, Nigeria နှင့် Sierra Leone) တို့သို့ သွားရောက်ခဲ့သူများ၊ Ebola ရောဂါခံစားနေရသူများ (သို့မဟုတ်) ရောဂါဖြစ်ပွားသူ၏ မိသားစုဝင်များနှင့် အနီးကပ်နေထိုင်ခဲ့သူများ၊ လူနာပြုစုကုသခဲ့သူများအနေဖြင့် အထူးဂရုပြုရန်လိုအပ်ပြီး သံသယလက္ခဏာများဖြစ်သော ဖျားခြင်း၊ အလွန်အမင်းအားနည်းခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်းနှင့် လည်ပင်းနာခြင်းတို့ ရုတ်ခြည်းခံစားရမည်ဖြစ်ပြီး အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ကျောက်ကပ်နှင့်အသည်းတို့ချို့ယွင်းခြင်း၊ အချို့လူနာများတွင် ခန္ဓာကိုယ်တွင်းနှင့်ခန္ဓာကိုယ်ပြင်ပသို့ သွေးယိုစီးခြင်းလက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် ပြသဆေးကုသမှုခံယူသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အကြောင်းကြားထုတ်ပြန်ပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း မိမိကိုယ်တိုင်အီဘိုလာရောဂါကူးစက်ခံရမှုမရှိစေရေး၊ အခြားသူများသို့ ရောဂါပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားလာပါက အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာကျန်းမာရေး အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (International Surveillance) လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ အီဘိုလာရောဂါကူးစက်ဖြစ်ပွားသူမရှိပါ။

ယခုအခါ အာဖရိကအနောက်ပိုင်း လေးနိုင်ငံတို့တွင် ကူးစက်ပြန့်ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၁၄ ခုနှစ် မတ်လမှစ၍ ၂၇-၇-၂၀၁၄ ရက်နေ့အထိ ရောဂါဖြစ်ပွားသူ ၁၃၂၃ ဦးနှင့် သေဆုံးသူ ၇၂၉ ဦး ရှိပါသည်။

အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်မှုမရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် ဆိပ်ကမ်းများတွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော ခရီးသည်များအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပို့ချခြင်း၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် ရောဂါကူးစက်မှုထိန်းချုပ်ခြင်း (Infection Control) လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်ရေးကြီးကြပ်ခြင်း၊ ရောဂါဖြစ်ပွားသည့် လူနာများအား သီးခြားစောင့်ကြပ်ကြည့်ရှု ကုသမှုပေးနိုင်ရန် (Isolation) အတွက် ဗဟို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံကြီးများတွင် Isolation Ward များ အသင့်ပြင်ဆင်ထားရှိခြင်း၊ နယ်စပ်ဒေသများတွင် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအားအားဖြည့်ဆောင်ရွက်ခြင်းနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စုအတွင်း နိုင်ငံသားအရည်အချင်းနှင့် ပြည့်မီသည့် အသက် ၁၀နှစ်နှင့်အထက် ပြည့်ပြီးသူများအား မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ဩဂုတ်၂ရက် နံနက် ၈နာရီက ယင်းကျေးရွာရှိ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးဝင်းနှင့်ဝန်ထမ်းများ၊ ရွှေမြို့ရဲစခန်းမှူးရဲအုပ်တင်လတ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့တက်ရောက်ပြီး ပြည်သူ ၁၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးခဲ့သည်။**(အောက်ပုံ) မောင်လွင်(တပ်ကုန်း)**

ပြည်တွင်းသတင်း

ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုမည့် တိုက်နယ်ဆေးရုံဖွင့်

နေပြည်တော် ဩဂုတ် ၂

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပုသိမ်-မုံရွာလမ်းမကြီး မိုင်တိုင်(၄၄၅)အနီးရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီတာဝန်ရှိသူက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုက်နယ်ဆေးရုံဆရာဝန်နှင့် ဒေသခံရွာသားတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီက တိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးပဒေသာပင်ငွေများ လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီတာဝန်ရှိသူတို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တိုက်နယ်ဆေးရုံသစ် ဝန်ထမ်းအိမ်ရာများနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာ-ဝမ်ပေါင် ကုမ္ပဏီမှ လှူဒါန်းငွေကျပ်သိန်းပေါင်း ၄၂၀၀ ကျော် အပါအဝင် အခြားစေတနာရှင်တို့၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါဆေးရုံသည် လက်ပံတောင်းဒေသရှိ ဒုန်းတော၊ ကျောက်မျက်၊ မိုးကြိုးပြင်၊ တောင်ပလူနှင့် ညောင်ပင်ကြီး စသည့် ကျေးရွာအုပ်စုများရှိ ကျေးလက်နေပြည်သူ ၅၆၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု ပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းအစည်းအဝေးခန်းမ၌ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်ခဲ့သော ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသည် ဒေသဖွံ့ဖြိုးရေး၏ ကျန်းမာရေးကဏ္ဍအတွက် အရေးကြီးသော အထောက်အကူဖြစ်ပြီး စီမံကိန်းဒေသ ပတ်ဝန်းကျင် ကျေးရွာများရှိ ကျေးလက်နေပြည်သူများကို ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများ ပြုနိုင်မည်ဖြစ်ကြောင်း၊ ဆေးရုံတွင် ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးရုံအဆောက်အအုံ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ရှင်သန်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အပြင် စီမံကိန်းကလည်း ပံ့ပိုးစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများသည် လအလိုက် ဆောင်ရွက်ရမည့်အစီအမံများရေးဆွဲပြီး ရည်မှန်းချက်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်သူဗဟိုပြုစနစ်တွင် မိမိတို့၏ ဆောင်ရွက်မှုများကို ပြည်သူက အမြဲတစေ စောင့်ကြည့်နေမည်ဖြစ်၍ ပြည်သူ၏ ယုံကြည်မှု ပိုမိုရရှိရန် စေတနာအရင်းခံဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးရာတွင် စီမံကိန်းဒေသ ပတ်ဝန်းကျင်ကျေးရွာအားလုံးကို တန်းတူဆောင်ရွက်ပေးရန် လိုအပ်ပြီး Joint Management Committee မှ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်ပြီး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ESIA အစီရင်ခံစာမူကြမ်း အတည်ပြုနိုင်ရေးအတွက် အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များအပေါ် တိကျစွာလိုက်နာ၍ ပြီးစီးမှုအခြေအနေနှင့် ပြင်ဆင်ဖြည့်စွက်ရန် တင်ပြချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းနယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကော်မတီ၏ အဓိကရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပေးအပ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး မိမိတို့၏လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားမှသာ လုပ်ငန်းများချောမွေ့အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လက်ပံတောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အခြေခံပြီး ဒေသတွင်းစိုက်ပျိုးရေး ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် ဦးစိုးဝင်းတို့က သတ္တုတူးဖော်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် သာသနိကအဆောက်အအုံများကို ဝိနည်းတော်များနှင့်အညီ အလျင်အမြန်တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေးဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြပြီး အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးသန်းထွန်းအောင်နှင့် ဦးမျိုးအောင်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့က မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အသိတရားရှိရှိ လုပ်ဆောင်သွားမှသာ ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုင်းတွင် ဆန့်ကျင်မှုအနည်းနှင့်အများရှိမည်ဖြစ်သော်လည်း စိတ်ရင်းစေတနာအမှန်ဖြင့် တိုင်းပြည်အပေါ် အလုပ်အကျွေးပြုခြင်းဖြင့် တဖြည်းဖြည်း နားလည်လာအောင် စည်းရုံးဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တည်ဆဲဥပဒေများအတိုင်း ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆင်းရဲမှု ပပျောက်ရေးအတွက် အချင်းချင်း ညီညီညွတ်ညွတ် ဆောင်ရွက်မှသာ အခြားတိုင်းပြည်များနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ကြောင်း၊ စီမံကိန်းဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုများ မည်မျှအကျိုးသက်ရောက်သည်ကို စဉ်ဆက်မပြတ်သုံးသပ်ပြီး ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်ပေးသွားရမည် ဖြစ်ပြီး အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိမြင်နိုင်ရန် ကဏ္ဍမျိုးစုံမှ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

နေပြည်တော်ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များအားစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက်ပိုင်းက သာသနာရေးဝန်ကြီးဌာန၏ အပျိုဆောင်၊ လူပျိုဆောင်များသို့ သွားရောက်ပြီး အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားနေထိုင်သွားကြရန် မှာကြား၍ အရိပ်ရပင်နှင့် သီးပင်စားပင်များ စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်အိမ်ထောင်သည် အရာထမ်း၊အမှုထမ်း အိမ်ရာများ၌ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ **(အပေါ်ပုံ)** စားပင်၊ သီးပင်၊ ရာသီပင်များကိုလည်း စိုက်ပျိုးသွားကြရန် မှာကြားပြီး သီးပင်၊ စားပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မန္တလေးမြို့၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂

ဇွန် ၂၈ ရက်က ပျဉ်းမနားမြို့မရဲစခန်းသို့ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခံခဲ့ရကြောင်း လီဆယ်တိုင်တန်းခဲ့သဖြင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ပေါင်းလေးဦးအားလည်းကောင်း၊ အလားတူ မေ ၂၁ ရက်က ပြင်ဦးလွင်မြို့မရဲစခန်းသို့ မုဒိမ်းမှုပြုကျင့်ကြောင်း လီဆယ်တိုင်တန်းခဲ့သဖြင့် အမျိုးသမီး သုံးဦးတို့အား လည်းကောင်း သက်ဆိုင်ရာမြို့မရဲစခန်းများက ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်အပေါ် အကြောင်းပြု၍ မန္တလေးမြို့၌ ရုန်းရင်းဆန်ခတ်မှုများကြောင့် အရေးယူဆောင်ရွက်မှုအနေဖြင့် လူသတ်မှုနှစ်မှုမှ ဖမ်းဆီးရမိသူ ၁၄ ဦး၊ ထွက်ပြေးသူ ရှစ်ဦး၊ နာကျင်စေမှု လေးမှုမှ ဖမ်းဆီးရမိသူ ရှစ်ဦး၊ ထွက်ပြေးသူ ၂၈ ဦး၊ လက်နက်မှု ခြောက်မှုမှ ဖမ်းဆီးရမိသူ ခုနစ်ဦး၊ မီးရှို့မှုတစ်မှုမှ ဖမ်းဆီးရမိသူ ၁၅ ဦး၊ ကျန်အခြားမှုများဖြစ်သည့် အဆောက်အအုံဖျက်ဆီးမှု၊ ရုန်းရင်းဆန်ခတ်မှုနှင့် ငြိမ်ဝပ်ပိပြားရေးပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုသုံးမှုမှ ဖမ်းဆီးရမိသူ ၁၁ ဦးနှင့် ရဲအက် ၃၅(ဃ)ဖြင့် သုံးမှုမှ ဖမ်းဆီးရမိသူ သုံးဦးရှိပြီး စုစုပေါင်း ၁၉ မှုဖြစ်ပွားခဲ့၍ ဖမ်းဆီးရမိသူ နှစ်ဦးမှာ ပြစ်မှုနှစ်ခုတွင် ပါဝင်ကျူးလွန်ခဲ့သဖြင့် စုစုပေါင်း ဖမ်းဆီးရမိသူ ၅၆ ဦးနှင့် တိမ်းရှောင်ထွက်ပြေးသူ ၃၆ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သဖြင့် မန္တလေးမြို့အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန်နှင့် ဆူပူရုန်းရင်းဆန်ခတ်မှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ဇူလိုင် ၃ ရက်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ရာ ဩဂုတ် ၁ ရက်အထိ ထုတ်ပြန်ထားသောအမိန့်ကို ချိုးဖောက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူခဲ့ရသောအမှု ၅၀၉ မှုမှ အမျိုးသား ၁၂၇၈၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၁၃၂၅ ဦးရှိကြောင်း၊ ၎င်းတို့အနက် ပညာပေး၍ ပြန်လည်စေလွှတ်သူ ၁၅၇ ဦး၊ ရဲစခန်းခံဝန် ၂၅ ဦး၊ တရားရုံးခံဝန် ၉၈ ဦး၊ ထောင်ဒဏ် ၇ ရက်ချမှတ်ခြင်းခံရသူ ၉၀၅ ဦး၊ ၁၅ ရက်ထောင်ဒဏ် ၈၀၊ သုံးလထောင်ဒဏ် သုံးဦး၊ ဒဏ်ငွေ ၂၀၀ ဖြင့် ၁၁ ဦး၊ တရားခံပြေးကြေညာထားသူ လေးဦးနှင့် အရေးယူဆောင်ရွက်ဆဲ ၄၂ ဦး စုစုပေါင်း ၁၃၂၅ ဦးတို့အား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်ပေါ်စေသည့် လီဆယ်တိုင်တန်းမှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် ဆူပူအကြမ်းဖက်မှုများနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော တားမြစ်အမိန့်ကို ချိုးဖောက်မှုများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့ရာ ဩဂုတ် ၁ ရက်အထိ စုစုပေါင်းအမှု ၅၃၀၊ အမျိုးသား ၁၃၇၂ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၁၄၂၄ ဦးတို့ကို အရေးယူခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

တဲ့တောင်သူလယ်ပိုင်ရှင်(ချင်း)အုပ်စုသုံးစုရှိပါတယ်။ ဒီကနှစ်မိုးကိုမျှော်ရင်းမျှော်ရင်း မျှော်သာမျှော်မပေါ်လာဆိုသလို စိုက်ပျိုးရေရအောင် မိုးကမရွာတော့ အခု ကျွန်တော်တို့ချင်းအဖွဲ့က နမ့်တိန်းချောင်းကနေရေဟတ်နဲ့ရေတင်ဖို့ ကြိုးစားပြင်ဆင်နေကြတာပဲ ဖြစ်ပါတယ်။ အရင်နှစ်များဆို ဒီအချိန်မှာ ထွန်တုံးပိတ်နိုင်ပါပြီ” ဟု လယ်သမားတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ စိုက်ပျိုးရေရရှိရေးအတွက် ချောင်းရေကို ခက်ခက်ခဲခဲဖြင့် လယ်သို့ရောက်အောင် တင်သွင်းယူရခြင်းကြောင့် လယ်လုပ်တောင်သူများ တဖြည်းဖြည်းလျော့နည်းလာနေကြောင်း၊ ၎င်းတို့ ချင်းသုံးချင်းနှင့် ပုန်းထွန်အုပ်စုတို့အနေနှင့် စုစုပေါင်း လယ်ဧက ၁၀၀ ခန့်ကို နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ စီးပွားအတွက်မဟုတ်သော်လည်း ဒေသဝမ်းစာအတွက် ဖူလုံစွာရရှိခဲ့ကြကြောင်း ချင်းခေါင်းဆောင်များက ပြောကြားသည်။

ဆက်လက်ပြီး “ကျွန်တော်တို့မိသားစုတွေရဲ့ တစ်နှစ်စာ ဝမ်းစာစပါးကို ဒီလယ်က ထွက်တာကိုပဲ အားထားကြရတာပါ။ မိုးရေကို လုံလောက်စွာမရတော့ အခုလို ချောင်းရေတင်စနစ်ကိုပဲ အားကိုးရပါတယ်။ အဲဒီအတွက် ကုန်ကျစရိတ်တွေများတယ်။ ရေရဟတ်ပြုလုပ်ရတာတွေရယ်၊ ရဟတ်နဲ့မလုံလောက်လို့ လျှပ်စစ်ရေစုပ်မော်တာတွေ တပ်ဆင်ပြီး ရေတင်ပေးတာတွေလည်း လုပ်ရပါတယ်။ တစ်နေကုန်လုံး မောင်းတင်ရတဲ့အခါမှာ ၁၀ ရက်ကြာတော့ မီတာခက အနည်းဆုံး ငွေကျပ် ၃၀၀၀၀ လောက်အထိ ကုန်ကျသွားပါတယ်။ တစ်လဆိုရင် ငွေကျပ် ၉၀၀၀၀ ဆိုတော့ ကျွန်တော်တို့ လယ်သမားတွေအတွက် တွက်ခြေမကိုက်ပါဘူး” ဟု ဒေသခံတောင်သူ ဦးစိုင်းချစ်ဆွေ (တောင်ရွာရပ်ကွက်)က ပြောသည်။ “တစ်ခါတလေ ဒီဇယ်စက်နဲ့လည်း အသုံးပြုရတဲ့အတွက် ကျွန်တော်တို့အတွက် ရေကို ဘယ်လိုနည်းနဲ့ ရမလဲဆိုတာက အဓိကဖြစ်နေကြပါတယ်။ ဒါကြောင့်မို့ အခုလို ကျွန်တော်တို့ရဲ့ အဘိုးအဘွား လက်ထက်ကတည်းက အသုံးပြုလာခဲ့တဲ့ မိရိုးဖလာရေတင် (ဝါးရဟတ်)တွေကို အခုချိန်ထိ အားကိုးအားထား ပြုနေကြရပါတယ်။ မိုးရွာဖို့အတွက်လည်း ကျွန်တော်တို့ တောင်သူအားလုံးက နေ့စဉ်နှင့်အမျှ မျှော်လင့်နေကြရပါတယ်” ဟု တောင်သူ စိုင်းလီနှင့် လုံးမိုင်တို့က ပြောကြားသည်။

ပြည်တွင်းသတင်း

MCPA Quiz (ဗဟိုအဆင့်)ပြိုင်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းရှိ MICT Park အဆောက်အအုံတွင် ကျင်းပသည့် MCPA Quiz (ဗဟိုအဆင့်)ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာတွင် MCPA Quiz (ဗဟိုအဆင့်) IB ညာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကွန်ပျူတာတက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ပညာရည်ပြည့်ဝစေရန် ရည်ရွယ်ပြီး ကျင်းပပေးခြင်းသည် ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်ကြောင်း၊ တိုင်းပြည်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးစသော နယ်ပယ်အသီးသီးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို မဖြစ်မနေအရှိန်အဟုန်မြှင့်ပြီး အသုံးချကြရမည်ဖြစ်ကြောင်း၊ IT Human Resource Development အတွက် အရည်အသွေး၊ ပညာရေး၊ သင်ကြားမှုပြည့်ဝတဲ့စာမေးပွဲများ၊ ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု၊ ပညာအရည်အချင်းတွေတိုးတက်လာပြီး အရည်အသွေးပြည့်ဝတဲ့ နိုင်ငံတော်ကအားထားရမည့် လူတော်လူကောင်းများမွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကွန်ပျူတာကျောင်းသား ကျောင်းသူများသည် MCPA Quiz (ဗဟို)ပြိုင်ပွဲကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပထမဆုရ မန္တလေးတိုင်းဒေသကြီး၊**(အပေါ်ပုံ)** ဒုတိယဝန်ကြီး ဦးသောင်းတင်က ဒုတိယဆုရ မွန်ပြည်နယ်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြင့်က တတိယဆုရ ပဲခူးတိုင်းဒေသကြီးတို့မှ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အော်ရီဒူးဆင်းကတ်များ တရားဝင်ရောင်းချ ဩဂုတ် ၁၅ ရက်အတွင်း မြို့နယ် ၆၈ ခုအား ဖြန့်နိုင်ရန် ကြိုးပမ်းနေ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂

ဆက်သွယ်ရေးအော်ပရေတာ အော်ရီဒူးမြန်မာမှ အင်တာနက်အသင့်အသုံးပြုနိုင်သည့် မြန်နှုန်းမြင့်ဆင်းကတ်များအား ငွေကျပ် ၁၅၀၀ ဖြင့် လိုအပ်သလောက်ဝယ်ယူနိုင်ခြင်းအား တရားဝင်သတင်းထုတ်ပြန်ခြင်းကို ဩဂုတ် ၂ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဆက်သွယ်ရေးကွန်ရက်များ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပြီး မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုများနှင့် အဆင့်မြင့်အသံနှင့် ဗီဒီယိုခေါ်ဆိုမှုဆိုင်ရာများကို နိုင်ငံတကာအရည်အသွေးပြည့်မီစွာဖြင့် အော်ရီဒူးအရောင်းကိုယ်စားလှယ်ဆိုင်ပေါင်း ၆၅၀၀ တွင် ဝယ်ယူနိုင်ပြီဖြစ်ပြီး ဩဂုတ် ၁၅ ရက်၌ မြို့ကြီးမြို့ငယ် ၆၈ မြို့တွင် စတင်အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

"အဆင့်မြင့်နည်းပညာဖြစ်တဲ့ ယူအမ်တီအက်စ် ၉၀၀ နည်းပညာနဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍကို အော်ရီဒူးက တစ်ခေတ်ဆန်းစေခဲ့တာဖြစ်ပါတယ်။ ကွန်ရက်လွှမ်းခြုံမှု မြန်ဆန်အောင် ဆောင်ရွက်ရတာ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ သရီးဂျီအပြင် နောင်နှစ်မှာလည်း ဖိုးဂျီကွန်ရက်ကိုပါ သုံးစွဲနိုင်အောင် ဆောင်ရွက်သွားမယ်။လက်ရှိမှာတော့ ဩဂုတ် ၂ ရက်ကနေ ၁၄ ရက်အထိ စမ်းသပ်ခေါ်ဆိုသုံးစွဲမှုတွေကို အခမဲ့လုပ်ဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်"ဟု အော်ရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် ရောစ့်ကောမတ်ခ်က ပြောကြားသည်။

အော်ရီဒူးမြန်မာမှ ဆင်းကတ်စတင်ရောင်းချသည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၁၄ ရက်အထိ အော်ရီဒူးကတ်အချင်းချင်းခေါ်ဆိုမှု မိနစ် ၉၀၀၊ အခြားအော်ပရေတာများသို့ ခေါ်ဆိုမှု မိနစ် ၉၀၊ စာတိုပို့အတွက် အော်ရီဒူးဖုန်းအချင်းချင်းစာတို ၉၀၀ နှင့် အခြားအော်ပရေတာများနှင့် စာတိုပို့ပါက အခု ၉၀ ခန့်အခမဲ့အသုံးပြုနိုင်စေမည်ဖြစ်ပြီး နေ့စဉ်အင်တာနက် ၂၀ မီဂါဘိုက်သုံးစွဲခွင့်၊ ဖေ့ဘွတ်ခ်အခမဲ့သုံးစွဲခွင့်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အော်ရီဒူးမြန်မာမှ ထုတ်လုပ်သည့် ဆင်းကတ်များအားအသုံးပြုမည်ဆိုပါက ဖုန်းခေါ်ဆိုခအဖြစ် အော်ရီဒူးဖုန်းကတ်အချင်းချင်းခေါ်ဆိုမှု တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်း၊ အခြားအော်ပရေတာများနှင့်ခေါ်ဆိုမှု တစ်မိနစ်လျှင် ၃၅ ကျပ်နှုန်း၊ အင်တာနက်အသုံးပြုမှု တစ်မီဂါဘိုက်လျှင် ၂၅ ကျပ်နှုန်း သတ်မှတ်ထားပြီး စာတိုပို့စနစ်အား တစ်ခုလျှင် ၂၅ ကျပ်နှုန်း သတ်မှတ်ကောက်ခံမည်ဖြစ်ကာ ဝန်ဆောင်မှုများကိုလည်း စျေးနှုန်းစတင်ကောက်ခံမည့် ဩဂုတ် ၁၅ ရက် မတိုင်မီ ထပ်မံအသိပေးရန်ရှိကြောင်း ၎င်းက ပြောသည်။

ဆင်းကတ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူသူအားလုံးထံသို့ သုံးလအတွင်း လစဉ်ငွေ ၅၀၀ ကျပ် ပြန်လည်ဖြည့်တင်းပေးသွားမည်ဖြစ်ပြီး ငွေဖြည့်ကတ်များကိုလည်း ဩဂုတ် ၁၅ရက်တွင် စတင်အသုံးပြုဝယ်ယူနိုင်မည်ဖြစ်ကာ ငွေကျပ် ၃၀၀၀မှ ၂၀၀၀၀အထိ ငွေဖြည့်တင်းနိုင်ကြောင်း သိရသည်။

အော်ရီဒူးဆင်းကတ်များအား သုံးစွဲသူများအနေဖြင့် အခက်အခဲများရှိပါက ၂၄ နာရီ ကူညီအဖြေရှာပေးသည့် ဝန်ဆောင်မှုကိုလည်း အော်ရီဒူးမြန်မာဝက်ဘ်ဆိုက် www. Ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကောလ်စင်တာ ဖုန်း-၀၉-၉၇၀၀၀၀၂၃၄ သို့လည်း ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

"ဖုန်းခေါ်ဆိုခသက်သာတယ်။ ဆင်းကတ်တွေ လိုသလောက်ရောင်းပေးနိုင်ပြီဆိုရင် စျေးနှုန်းလည်း ၁၅၀၀ ကျပ်အတိုင်း ဖြစ်လာမှာ။ သို့သော် အင်တာနက်အသုံးပြုခကောက်ခံမှုကတော့ နိုင်ငံတကာစျေးနှုန်းနဲ့ချိန်ဆကြည့်ရင် များပြားပါတယ်။ အမှန်တကယ်အသုံးပြုသူတွေအတွက် အခက်အခဲရှိပါတယ်။ ယခုစျေးနှုန်းအတိုင်းသာ အင်တာနက်အသုံးပြုမှုကို ကောက်ခံမယ်ဆိုရင် ဖုန်းခေါ်ဆိုတာလောက်ပဲသုံးနိုင်မှာဖြစ်လို့ သုံးစွဲသူတွေဘက်ကို စဉ်းစားပေးသင့်တယ်"ဟု အင်တာနက်သုံးစွဲသူတစ်ဦးက ထောက်ပြသည်။ **(မြန်မာ့အလင်း)**

❀ ***ရှေ့ဖုံးမှ***

ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ထောက်ကြန့် ကနဦး မော်တော်ယာဉ်မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မြန်မာ)သို့ မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်သွားရောက်ဆောင်ရွက်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ အချိန်ကြာမြင့်ခြင်းတို့ ဖြစ်ပေါ်နေသဖြင့် ထောက်ကြန့်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (မြန်မာ)တွင် တစ်နေ့လျှင် မော်တော်ယာဉ်အစီးရေ ၄၀၀ ကျော် လာရောက်ကာ ကနဦးမှတ်ပုံတင်ခြင်းအပါအဝင် မော်တော်ယာဉ်နှင့်ပတ်သက်သည့် အခြားဆောင်ရွက်ဖွယ်ရာကိစ္စရပ်များ ဖြစ်သည့် ဘီးခွန်၊ အာမခံစနစ်စသည်များလည်း လုပ်ကိုင်ဆောင်ရွက်ရသဖြင့် မော်တော်ယာဉ် များပြားမှုဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်စီးရေပေါင်း ၅၈၄၆၀၀ ကျော်ရှိနေရာ ရန်ကုန်မြို့ တစ်မြို့တည်း၌ပင် ကားအစီးရေ ၆၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်ရှိနေကြောင်း သိရသည်။

မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ရာတွင် ထောက်ကြန့်၌ တန် ၆၀ အောက် မော်တော်ယာဉ်များကို မှတ်ပုံတင်ရန်ဖြစ်ပြီး တန် ၆၀ အထက် မော်တော်ယာဉ်များအား ရွာသာကြီး၌ သွားရောက်မှတ်ပုံတင်ရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံပိုင် နယ်နိမိတ်နဲ့ပတ်သက်ပြီး မြေတစ်လက်မမျှ မဆုံးရှုံးရအောင် အလေးထားဆောင်ရွက်နေ

ဩဂုတ်လ ၁ ရက်နေ့တွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရှင်းလင်းတင်ပြခဲ့သည်ကို ရုပ်မြင်သံကြားမှ ကြားသိလိုက်ရသည်။ သို့ဖြစ်၍ ရင်ထဲတွင် သိချင်နေသော မြန်မာ-အိန္ဒိယနယ်နိမိတ်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းလို၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်သွယ်ခဲ့ရာ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်းအေးနှင့် အဆက်အသွယ်ရရှိခဲ့ပြီး မြန်မာ-အိန္ဒိယနယ်နိမိတ်ကိစ္စနှင့်စပ်လျဉ်း၍မေးမြန်းဖြေကြားခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

မေး ။ ။ မြန်မာ-အိန္ဒိယ နယ်နိမိတ်အငြင်းပွားမှုကြောင့် ကဘော်ချိုင့်ဝှမ်းမှာ မြန်မာပိုင်မြေအချို့ ဆုံးရှုံးနေတယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကို Daily Eleven သတင်းစာမှာ မကြာသေးမီက ဖတ်လိုက်ရတာရှိပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းလောက်ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ဟုတ်ကဲ့။ မြန်မာ-အိန္ဒိယ နယ်နိမိတ်တိုင်းတာရေးစာချုပ်ကို ၁၉၆၇ ခုနှစ် မတ်လ ၁၀ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။ အဲဒီစာချုပ်ကို အခြေခံပြီး နယ်နိမိတ်တိုင်းတာခြင်းကို ၁၉၆၈ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်အထိ ပြုလုပ်ခဲ့ပါတယ်။ နယ်နိမိတ် တိုင်းတာခဲ့ပြီး မှတ်တိုင်တွေကို စိုက်ထူခဲ့တဲ့အခါမှာ ကဘော် ချိုင့်ဝှမ်းမှာ မြန်မာနိုင်ငံဘက်က နယ်နိမိတ်စာချုပ်နဲ့ မြေပုံတွေအရ စိုက်ထူလိုပြီး အိန္ဒိယနိုင်ငံဘက်ကတော့ မြေပြင်ရှိ မူလနေရာဟောင်းတွေနေရာမှာ စိုက်ထူလိုတာကြောင့် သဘောထားကွဲလွဲခဲ့ပြီး နယ်နိမိတ်မှတ်တိုင် ၉ တိုင် မစိုက်ထူနိုင်ခဲ့ပါဘူး။

အဲဒီသဘောမတူညီမှုကို နှစ်နိုင်ငံအကြားမှာ ၁၉၇၀ ပြည့်လွန်နှစ်တွေကစပြီး မြေအပေးအယူ အပြန်အလှန်ပြုလုပ်ပြီး ဖြေရှင်းဖို့ ကြိုးစားခဲ့ပေမယ့် ဒီနေ့အထိ သဘောတူညီမှုမရသေးပါဘူး။ ဆက်ပြီးညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

ဒီအတောအတွင်း တမူး-မိုရေးဒေသမှာရှိတဲ့ နယ်နိမိတ်မသတ်မှတ်ရသေးတဲ့ နေရာတွေမှာ အိန္ဒိယနိုင်ငံဘက်က တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အတွက်ကြောင့် မြန်မာနိုင်ငံဘက်က သံတမန်လမ်းကြောင်းကနေ တရားဝင်စာပို့ ပြီး ကန့်ကွက်အရေးဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးတွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအကြား ပြုလုပ်တဲ့ အစည်းအဝေးတွေ၊ နှစ်ဖက်တပ်မတော်နှစ်ရပ်အကြား ပြုလုပ်တဲ့ နယ်စပ်အစည်းအဝေးတွေမှာ ကျွန်တော်တို့ဘက်က ကန့်ကွက်အရေးဆိုမှုတွေ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ပါတယ်။

ပြီးတော့လည်း တမူး-မိုရေးဒေသမှာရှိတဲ့ နှစ်ဖက်သဘောတူညီချက်မရသေးတဲ့ မှတ်တိုင်အမှတ် ၇၆ နဲ့ ၇၈ အနီးမှာ နှစ်နိုင်ငံကျွမ်းကျင်တဲ့ မြေတိုင်းပညာရှင်တွေ အခုနှစ် ဇန်နဝါရီလအတွင်းက ပူးတွဲစစ်ဆေးခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဘက်က တွေ့ရှိချက်တွေကို အိန္ဒိယနိုင်ငံဘက်ကို မြေပုံကြမ်းနဲ့ ပေးအပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အိန္ဒိယဘက်ကလည်း အဲဒီမှတ်တိုင်တွေနားမှာ တည်ဆောက်နေတာတွေကို ရပ်တန့်ပေးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဘက်က အခုနှစ်ဇူလိုင်လအတွင်းက မှတ်တိုင် ၇၈ နားမှာရှိတဲ့ နယ်နိမိတ်မသတ်မှတ်ရသေးတဲ့နေရာမှာ နယ်စပ်ဂိတ်ကို မဆောက်တော့ဘဲ နေရာပြောင်းရွှေ့ဆောက်လုပ်မယ်လို့ အကြောင်းကြားခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်အနေနဲ့ နေရာပြောင်းရွှေ့ဆောက်လုပ်မယ့်ကိစ္စကို နယ်နိမိတ်

ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်းအေးဖြေကြားစဉ်။

မသတ်မှတ်ရသေးတဲ့နေရာနဲ့ လွတ်ကင်းမှုရှိ၊ မရှိ ပြန်လည်စိစစ်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံပိုင် နယ်နိမိတ်နဲ့ပတ်သက်ပြီး မြေတစ်လက်မမျှ မဆုံးရှုံးရအောင် အလေးထားဆောင်ရွက်နေပါတယ်။

မေး ။ ။ အိန္ဒိယနိုင်ငံဘက်က ကျေးရွာအချို့နဲ့ အဆောက်အအုံအချို့က ကျွန်တော်တို့ နိုင်ငံဘက်ကို ကျူးကျော်မှုတွေရှိနေတယ်။ မှတ်တိုင်ဟောင်းတွေကို နေရာရွှေ့စိုက်နေတယ် စတဲ့ ပြောဆိုနေမှုတွေကိုလည်း ကြားသိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ နှစ်ဖက်အငြင်းပွားနေတဲ့ နေရာနဲ့ပတ်သက်ပြီး အဲဒီနေရာမှာ နှစ်နိုင်ငံစလုံးက နယ်နိမိတ်မသတ်မှတ်ရသေးမီ တည်ဆောက်မှုတွေ မပြုလုပ်ဖို့လိုပါတယ်။ အိန္ဒိယနိုင်ငံဘက်က ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ဘက်က စဉ်ဆက်မပြတ်ကန့်ကွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံဘက်က အခုနောက်ဆုံးပြန်ကြားချက်အရ ပြုလုပ်ရန်မရှိလို့ သိရပါတယ်။ ဒီကိစ္စကို ဆက်လက်စောင့်ကြည့်ပြီး ကန့်ကွက်အရေးဆိုသွားဖို့ရှိသလို နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး ပြေလည်စွာ ဖြေရှင်းသွားဖို့လည်း ကျွန်တော်တို့ဆက်လက်ဆောင်ရွက်သွားမှာပါ။

နောက်တစ်ခုက နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး နေရာတွေကိစ္စဖြစ်ပါတယ်။ နယ်နိမိတ်မျဉ်းကနေ ၁၀ မီတာအတွင်း အဆောက်အအုံမဆောက်လုပ်ရဖို့သတ်မှတ်ထားပေမယ့် အဲဒီနေရာတွေမှာလည်း အိန္ဒိယနိုင်ငံဘက်က ဆောက်လုပ်နေတာရှိသလို တချို့အဆောက်အအုံတွေဆိုလည်း ကျွန်တော်တို့ဘက်ကိုကျော်လွန်နေတာရှိပါတယ်။ ဒီကိစ္စတွေကို နှစ်ဖက်မြေတိုင်းအဖွဲ့တွေက ပူးတွဲမှတ်တမ်းတင်ထားပြီး ဖယ်ရှားပေးရေးကို နှစ်နိုင်ငံအကြားပြုလုပ်တဲ့ စစ်ဘက်၊ နယ်ဘက်အစည်းအဝေးတွေမှာ ကျွန်တော်တို့ဘက်က ကန့်ကွက်အရေးဆို ပြောကြားလျက်ရှိပါတယ်။ သံတမန်လမ်းကြောင်းကနေလည်း စာနဲ့တရားဝင် ကန့်ကွက်ထားပါတယ်။ အိန္ဒိယနိုင်ငံဘက်က သက်ဆိုင်ရာတရားရုံးတွေကနေတစ်ဆင့် ဖယ်ရှားပေးရေးကို ဆောင်ရွက်နေကြောင်းသိရှိရပါတယ်။ တချို့ကိုလည်း ဖယ်ရှားပေးပြီးဖြစ်ပါတယ်။

မှတ်တိုင်တွေ ရွှေ့စိုက်ထားတာနဲ့ပတ်သက်ပြီး စိုက်ထူပြီး မှတ်တိုင်တွေရယ်၊ နှစ်ဖက်သဘောတူညီမှုမရလို့ မစိုက်ထူသေးတဲ့ မှတ်တိုင်ရဲ့ မူလတည်နေရာ ကိုဩဒိနိတ်တွေကို နှစ်ဖက်ပူးတွဲမှတ်တမ်းထားရှိပြီး ဖြစ်တဲ့အတွက် မူလနေရာကို ပြန်လည်ဖော်ဆောင်နိုင်မယ်ဖြစ်ပါတယ်။

မေး ။ ။ ဇူလိုင် ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါရှိတဲ့ မြန်မာ-အိန္ဒိယ နယ်စပ်မှာရှိတဲ့ ဧကပေါင်း သုံးထောင်ကျော်ကို အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အဖြစ် သတ်မှတ်မယ်ဆိုတဲ့သတင်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ ။ ။ အဲဒီသတင်းက ပြည်ပမှာရေးတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို သတင်းထောက်က ဘာသာပြန်ပြီး ဖော်ပြတယ်လို့ ယူဆပါတယ်။ ဘာသာပြန်သတင်းကို ဖော်ပြရာမှာ မူလသတင်းဇာစ်မြစ်ကို သေသေချာချာ ထည့်သွင်းဖော်ပြခြင်းမပြုတဲ့အတွက် စာဖတ်သူတွေအကြား နားလည်မှုလွဲမှားနိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီကိစ္စကို အိန္ဒိယနိုင်ငံဘက်နဲ့ ဆွေးနွေးခြင်းမရှိပါဘူး။ အိန္ဒိယနိုင်ငံအနေနဲ့ သူတို့ပိုင်နက်နယ်မြေကို အပြည်ပြည်ဆိုင်ရာနယ်မြေအဖြစ် သတ်မှတ်မယ်ဆိုရင် သတ်မှတ်နိုင်ပေမယ့် နှစ်နိုင်ငံနယ်နိမိတ်မသတ်မှတ်ရသေးတဲ့နေရာကို ထည့်သွင်းမယ်ဆိုရင်တော့ မြန်မာနိုင်ငံဘက်က လက်ခံမှာမဟုတ်ဘူးလို့ ဖြေကြားလိုပါတယ်။

မေး ။ ။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင် ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ နိုင်ငံပိုင်သတင်းစာတွေကိုရော၊ ပုဂ္ဂလိကမီဒီယာတွေကိုရော မေတ္တာရပ်ခံချင်တာက နိုင်ငံတကာ နယ်နိမိတ်ကိစ္စတွေဟာ သိမ်မွေ့နက်နဲတဲ့ကိစ္စတွေဖြစ်တဲ့အတွက် သတင်းရေးသားသူတွေအနေနဲ့ သတင်းအချက်အလက်ခိုင်မာဖို့လိုတဲ့အတွက် သေချာစိစစ်ပြီးမှ ဖော်ပြကြပါလို့ ပြောကြားလိုပါတယ်။

(ဟုတ်ကဲ့။ အခုလို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။)

(မြန်မာ့သတင်းစဉ် သတင်းအဖွဲ့)

ပြည်တွင်းသတင်း

အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့

နေပြည်တော် ဩဂုတ် ၁

ဇူလိုင် ၂၃ ရက်တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်က မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၉၄ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၈/၂၀၁၃)ဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုသာမက အခြားအခွင့်အလမ်းများကိုလည်းထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါသည်။

အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၂၀ တွင် အချက် ၁၁ချက်ဖြင့် ဖော်ပြထားကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။ အဓိကကျသော အချက်များမှာ-

(က) ရင်းနှီးမြှုပ်နှံသူသည် ကုန်ထုတ်လုပ်ငန်း(သို့မဟုတ်) ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုစီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်။

(ခ) နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကော်မရှင်မှထပ်မံသတ်မှတ်ပေးသည့် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်။

(ဂ) လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချမည်ဆိုလျှင် ရရှိသောအမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်။

(င) အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့်လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှနုတ်ပယ်ခွင့်။

(စ) လုပ်ငန်းတွင်တစ်ဆက်တည်း နှစ်နှစ်အတွင်း အရှုံးပေါ်ပေါက်ပါက ပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်းသုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်။

(ဆ) တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဇ) ဝင်ငွေခွန်စည်းကြပ်ရန်ကိစ္စအလို့ငှာ စက်ပစ္စည်း သို့မဟုတ် လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်။

(ဈ) တည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက် တင်သွင်းသည့် ကုန်ကြမ်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ည) ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ပြီး ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်းမှာ တင်သွင်းသော စက်ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

(ဋ) ပြည်ပသို့တင်ပို့ရန်ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

အဆိုပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးရာမှာ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကော်မရှင်မှခွင့်ပြုမိန့်ရရှိသည်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်ကို ခံစားခွင့်ရရှိမှာဖြစ်ပါသည်။ ကျန်ရှိသည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုမူ လုပ်ငန်းရှင်က အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာခြင်းအပေါ်မှာ ကော်မရှင်က စိစစ်ခွင့်ပြုပေးရမှာဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတွင် နိုင်ငံသားများ၏စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များက တင်ပြလျှောက်ထားလာမှုများကို တတ်နိုင်သမျှ ခံစားခွင့်ပြုပေးလျက်ရှိပါသည်။

အဆိုပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအပြင် တင်ပြပါ အခြားအခွင့်အလမ်းများကိုလည်း ခွင့်ပြုပေးထားပါသည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ဖြင့် ဖက်စပ်ဆောင်ရွက်ခွင့်ပြုခြင်း။

(ခ) ပုဒ်မခွဲ(ဂ)အရ Public Private Partnership (PPP) စနစ်ဖြင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း။

(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေ ဖန်တီးပေးထားခြင်း။

(ဃ) ခွင့်ပြုသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့်လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း။

(င) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုများ ရနိုင်ခွင့်ရှိခြင်း။

(စ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)အရ စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုအကူအညီနှင့် နည်းပညာများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ ရယူသုံးစွဲခွင့်ရှိခြင်း။

(ဆ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)အရ မြေနှင့်အဆောက်အအုံတို့ကို တစ်ဆင့်ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်းမဟုတ်ဘဲ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ ခွင့်ပြုချက်ဖြင့်ပြုလုပ်ခွင့်ရှိခြင်း။

(ဇ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)အရ အစုရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ နိုင်ငံခြားသား တစ်ဦးဦး(သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချနိုင်ခြင်း။

(ဈ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ)အရ နိုင်ငံသားများအနေဖြင့် နိုင်ငံခြားလုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ဖက်စပ်လုပ်ငန်းဆောင်ရွက်နိုင်ခြင်း။

(ည) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဈ) အရ နိုင်ငံသားရင်းနှီးမြှုပ်နှံသူအနေဖြင့် မိမိတို့၏ အခွင့်အရေးများကို အပြည့်အဝရယူနိုင်ရန် ကော်မရှင်၏ အမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် တင်ပြခွင့်ရှိခြင်း။

(ဋ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ည) အရ နိုင်ငံသား ရင်းနှီးမြှုပ်နှံသူအနေဖြင့် မိမိတို့၏နစ်နာမှုများနှင့်စပ်လျဉ်း၍ အရေးဆိုခွင့်ရှိခြင်း။

ထို့အပြင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ည) အရလည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဍ)အရလည်းကောင်း၊ ပုဒ်မ ၂၂ အရလည်းကောင်း နိုင်ငံသားရင်းနှီးမြှုပ်နှံသူအတွက် ပြည်တွင်းပြည်ပ ဘဏ်ချေးငွေများရယူနိုင်ရေးအတွက် အခွင့်အရေးများ၊ အာမခံချက်များပေးထားကြောင်းတွေ့ရှိရမှာဖြစ်ပါသည်။

ဤသို့အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အခွင့်အရေးများ၊ အာမခံချက်များအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေက ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါဥပဒေကိုကျင့်သုံးကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များတင်သွင်း၍ ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်း နည်းပါးနေကြောင်း၊ ဤသို့ခွင့်ပြုမိန့်ရယူဆောင်ရွက်ခြင်းမပြုသည့်အတွက် အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့် အခွင့်အရေးများ ဆုံးရှုံးနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ကော်မရှင်၏ ခွင့်ပြုမိန့်ရယူဆောင်ရွက်မှုနည်းပါးနေကြောင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ စတင်အသက်ဝင်ခဲ့သည့် ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ လုပ်ငန်းနယ်ပယ်အလိုက် ကုမ္ပဏီမှတ်ပုံတင်ခဲ့သည့် အရေအတွက်နှင့်ကော်မရှင်မှ ခွင့်ပြုမိန့်ရယူဆောင်ရွက်သည့်အရေအတွက်တို့ကို တင်ပြပါဇယားဖြင့်နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

စဉ်	လုပ်ငန်း	ကုမ္ပဏီမှတ်ပုံတင်အရေအတွက်	ကော်မရှင်ခွင့်ပြုမိန့်ရယူအရေအတွက်	ရာခိုင်နှုန်း
၁	စက်မှုလက်မှု/ထုတ်လုပ်မှု	၆၃၄၅	၇၄၀	၁၁. ၆၆
၂	ဆောက်လုပ်ရေး	၂၁၇၈	၅၇	၂. ၆၁
၃	ဝန်ဆောင်မှု	၄၃၈၅	၇၉	၁. ၈
၄	ဟိုတယ်	၂၀၆	၂၂	၁၀. ၆

၂၀၁၃-၂၀၁၄ ခုနှစ်မှာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်းမပြုဘဲ လွတ်လပ်စွာလုပ်ငန်းလုပ်ဆောင်ခွင့်ပြုခဲ့ရာအဆိုပါနှစ်တွင် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီစုစုပေါင်းမှာ ၆၁၀၃ ခုရှိသည့်အနက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီအရေအတွက်မှာ ၆၈ ခုရှိသည့်အတွက် စုစုပေါင်း ကုမ္ပဏီအရေအတွက်၏ ၁. ၁၁ ရာနှုန်းသာရှိခဲ့ရာ ပမာဏနည်းပါးသေးကြောင်း သုံးသပ်ရရှိပါသည်။

ထိုသို့မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို အသုံးပြုမှုနည်းပါးရခြင်း၏ အကြောင်းရင်းများအနက် အဓိကအကြောင်းရင်းမှာ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းထားရှိမှုကို သိရှိမှုအားနည်းခြင်းကြောင့်ဖြစ်ပြီး အခြားအကြောင်းများမှာမူ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုကျင့်သုံးနိုင်ကြောင်း သိရှိသော်လည်း ခွင့်ပြုမိန့်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ကောင်းစွာနားလည်သဘောပေါက်မှုမရှိခြင်းကြောင့်ဥပဒေအား ကျင့်သုံးဆောင်ရွက်လိုမှုမရှိခြင်း၊ အချို့သော လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို သိရှိသော်လည်း ကော်မရှင်သို့အဆိုပြုလွှာတင်ပြရာတွင် ပူးတွဲတင်ပြရသည့် မြေပိုင်ဆိုင်မှု အထောက်အထား၊ ငွေကြေးခိုင်မာမှုအထောက်အထားစသည့် လိုအပ်သောအထောက်အထားများကို မတင်ပြလိုခြင်း၊ မတင်ပြနိုင်ခြင်းကြောင့် ကော်မရှင်သို့ ဆက်သွယ်ဆောင်ရွက်မှု မပြုခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံသားများ ကျယ်ပြန့်စွာသိရှိနားလည်စေရေးအတွက် လည်းကောင်း၊ ယင်းဥပဒေအရ ဆောင်ရွက်ရသည့်လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ၊ ခံစားခွင့်ရှိသည့်အခွင့်အရေးများကို တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ သိရှိနားလည်လာစေရန် အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်၍ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့သည် ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် မေလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၃ ခုတွင် တင်ပြပါဇယားအတိုင်း ၁၆ ကြိမ် သွားရောက်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းရှင်များ နေပြည်တော်၊ ရန်ကုန်မြို့များသို့ လာရောက်ရန်မလိုဘဲ အဆိုပြုလွှာများ မိမိဒေသတွင်တင်ပြနိုင်ရေး၊ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍သိရှိလိုသည်များ လာရောက်တိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် ကော်မရှင်၏ ရုံးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင်တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဌာန၏ဖွဲ့စည်းပုံတိုးချဲ့ရေးနှင့်ဝန်ထမ်းများ တိုးမြှင့်ခန့်ထားရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည်။ ဌာန၏ မန္တလေးရုံးခွဲကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌လည်းကောင်း၊ စက်တင်ဘာလတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ လည်းကောင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရုံးခွဲများ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းကြောင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ၅၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေတို့ ပေါင်းစည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေထုတ်ပြန်မှု မပြုသေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁/၂၀၁၂) ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်နေ့တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြင်ဆင်ရေးဆွဲစဉ်ကတည်းက ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်တည်းအဖြစ်ထားရှိရန် စဉ်းစားခဲ့သော်လည်း အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပြီးမှ ဥပဒေနှစ်ရပ်ပေါင်းစည်းရေးကို ဆောင်ရွက်ရန် အကြံပြုချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုသာ စတင်ပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဥပဒေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏အမြင်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် ခွဲခြားဆက်ဆံမှုရှိသည်ဟု ယူဆသကဲ့သို့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများမှလည်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအခွင့်အရေးပေးထားသည်ဟု အယူအဆလွဲမှားခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားခြင်းနှင့်စပ်လျဉ်း၍ Organisation for Economic Cooperation and Development (OECD) မှ မြန်မာနိုင်ငံအတွက် ပြုလုပ်ခဲ့သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသုံးသပ်ချက် (Investment Policy Review of Myanmar) တွင် အာဆီယံဒေသတွင်း နိုင်ငံများ၌ မြန်မာတစ်နိုင်ငံတည်းသာ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှစ်ရပ်အဖြစ် သီးခြားစီပြဋ္ဌာန်းထားကြောင်း၊ အခြားအာဆီယံနိုင်ငံများအားလုံးတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု နှစ်မျိုးစလုံးအတွက် တူညီသော အထွေထွေစည်းမျဉ်းများဖြင့် ဥပဒေတစ်ခုတည်းသာ ပြဋ္ဌာန်းထားကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် သက်ဆိုင်သည့် ဥပဒေတစ်ခုတည်းအဖြစ် ပေါင်းစည်းပြဋ္ဌာန်းခြင်းသည် ပိုမိုသင့်လျော်ပြီး ဆွဲဆောင်မှုပိုမိုကောင်းမွန်ကြောင်း သုံးသပ်တင်ပြထားပါသည်။

ဆက်လက်ဖော်ပြပါမည်

❐ *ကျောက်ဖုံးမှ*

ဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများက စက်ရုံတာဝန်ရှိသူ ထုတ်ကုန်၊ သွင်းကုန်မန်နေဂျာ ကိုရီးယားလူမျိုး မစ္စတာဂျောင်းဟေးအန်နှင့် စီမံအုပ်ချုပ်မှု မန်နေဂျာ မြန်မာလူမျိုး ဒေါ်ခင်ခင်ထွေးတို့အား ခေါ်ယူကာ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ ဇွန်လအတွက် လစာငွေများကို ဇူလိုင် ၅ ရက်တွင် ပေးချေမည်ဖြစ်ကြောင်း၊ စက်ရုံလုပ်သားများအတွက် အခြေခံလစာ၊ ရက်မှန်ကြေး၊ နှစ်စဉ်ကြေးနှင့် ကျွမ်းကျင်ကြေး၊ ထမင်းစရိတ်နှင့် ရှားပါးစရိတ်များကို ပေးထားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့သော်လည်း ဇူလိုင် ၅ ရက်တွင် စက်ရုံတာဝန်ရှိသူများက အလုပ်သမားများ၏ အခြေခံလစာကိုသာပေးချေပြီး ကျန်ငွေများအား ပေးအပ်နိုင်မည် မဟုတ်သေးကြောင်း အကြောင်းကြားခဲ့ရာ အလုပ်သမားများက ကျေနပ်လက်ခံခြင်းမရှိခဲ့ပေ။

ဇူလိုင် ၁၀ ရက်၌ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးအား နေပြည်တော်သို့ ခေါ်ယူကာ စက်ရုံပိုင်ဆိုင်သူ ကိုရီးယားနိုင်ငံမှ မန်နေဂျင်းဒါရိုက်တာကို ခေါ်ယူညှိနှိုင်းပေးရန် သတိထောက်လွှာကို ပေးအပ်ခဲ့သည့်အပြင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း စက်ရုံတာဝန်ခံနှစ်ဦးကို ခေါ်ယူကာ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ အလုပ်သမားများအား လုပ်ခလစာများ ရှင်းပေးရန် သတိပေးခဲ့ကြောင်း သိရသည်။

ထိုကာလအတွင်း စက်ရုံတာဝန်ရှိသူများက စက်ရုံပိတ်ရက် နစ်နာကြေးများ မတောင်းဆိုပါက ဇွန်လအတွက် လစာငွေများကို ချေငှားပေးအပ်မည်ဖြစ်ကြောင်း ညှိနှိုင်းရာ အလုပ်သမား ၅၈ ဦးက လက်ခံယူခဲ့သော်လည်း ကျန်အလုပ်သမားများက လက်မခံခဲ့သည့်အပြင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကလည်း လက်မခံနိုင်ကြောင်း အလုပ်ရှင် ကိုယ်စားလှယ်များထံ ပြောကြားခဲ့သည်။

လုပ်ခလစာဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားစဉ် ဇူလိုင် ၁၇ ရက်၌ အဆိုပါ ဖိနပ်စက်ရုံဝန်ထမ်း အလုပ်သမား ၆၀၀ ဦးတို့က စက်ရုံရှေ့မှ ကိုရီးယားသံရုံးရှေ့သို့ ငြိမ်းချမ်းစွာ စုဝေးစီတန်းပြီး ရရှိရမည့် လုပ်ခလစာနှင့် ခံစားခွင့်များကို တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း အကျိုးမထူးခဲ့ပေ။

ထို့အတွက် ဇူလိုင် ၁၇ ရက်၌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန သုံးခုက ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၈၅၊ ၈၈ အရလည်းကောင်း၊ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၅၁ အရလည်းကောင်း၊ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၉ အရလည်းကောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၉၃ အရလည်းကောင်း တရားစွဲဆိုခဲ့ကြောင်း သိရသည်။

"အလုပ်ရှင်အလုပ်သမားဆိုင်ရာ အငြင်းပွားမှုတွေကို ကူညီဖြေရှင်းပေးနေပါတယ်။ ၂၀၁၄ ခုနှစ် နှစ်ဝက်တာအတွင်းမှာတင် အမှုပေါင်း ၁၁၄ မှုကို ကူညီဖြေရှင်း ပြီးပါပြီ။ Master Sport ဖိနပ်စက်ရုံကိစ္စကတော့ ပိုင်ရှင်တိမ်းရှောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေပါတယ်။ တရားစွဲဆိုထားတယ်။ ထပ်မံပြီးတော့လည်း နောက်တိုးတရားခံအနေနဲ့ စက်ရုံပိုင်ရှင်ကို စွဲချက်တင်နိုင်ဖို့ တရားရုံးမှာလျှောက်ထားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဆက်လက်ပြောကြားသည်။

ထို့အပြင် ဩဂုတ် ၂ ရက်က Master Sport ဖိနပ်စက်ရုံမှ အလုပ်ရှင်အလုပ်သမားများ လုပ်ခလစာဆိုင်ရာ အငြင်းပွားမှုနှင့် တရားစွဲဆိုထားသည့် အခြေအနေမှန်များကို စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်ကာ ပြောကြားခဲ့ပြီး ရန်ကုန်စက်မှုဇုန်များအတွင်းရှိ ဖိနပ်စက်ရုံ ၂၂ ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ Master Sport စက်ရုံလုပ်သားများအား အလုပ်ခန့်အပ်ပေးနိုင်ရေး တိုက်တွန်းညှိနှိုင်းပေးခဲ့သည့်အတွက် စက်ရုံလုပ်သား ၂၁၃ ဦးခန့် ခန့်အပ်ပေးနိုင်ရန် စက်ရုံအသီးသီးက ကတိပြုခဲ့ကြောင်းသိရသည်။

"ဖိနပ်စက်ရုံအပြင် အထည်ချုပ်စက်ရုံတွေမှာလည်း အလုပ်လုပ်ကိုင်နိုင်စေဖို့အတွက် အလုပ်ရှင်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ကူညီပေးဖို့ရှိပါတယ်။ အမှုဖြစ်ပွားနေတဲ့ စက်ရုံနဲ့ပတ်သက်ပြီး ရပိုင်ခွင့်တွေကိုလည်း ရရှိနိုင်အောင် ဥပဒေဘောင်အတွင်းကဆောင်ရွက်နေတာဖြစ်ပြီး အလုပ်သမားတွေနဲ့ အလုပ်သမား ကိုယ်စားလှယ်ရှေ့နေတွေကိုလည်း အကြံဉာဏ်တွေပေးနေပါတယ်။ ဥပမာပြောရရင် ကျွန်တော်တို့အနေနဲ့ အလုပ်ရှင်ကို အခုလာရှင်းပါဆိုပြီး ပြောလို့မရပါဘူး။ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရတာဖြစ်ပါတယ်။ အလုပ်သမားဘက်ကလည်း ရပိုင်ခွင့်အတွက် တရားမကြောင်းအရ တရားစွဲဆိုပြီး တားဝရမ်းထုတ်တာမျိုး ပြုလုပ်ထားနိုင်ပါတယ်။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကူညီအကြံပေးသွားမယ့်အပြင်လိုအပ်တဲ့သက်သေအချက်အလက်တွေကိုပါ ပေးအပ်သွားမယ်" ဟု လှိုင်သာယာစက်မှုဇုန်၊ အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးအရာရှိ ဦးအောင်နိုင်က ပြောကြားသည်။

အလုပ်ရှင်အလုပ်သမား လုပ်ခလစာအငြင်းပွားမှုတွေအတွက် ဖြေရှင်းနေရသည့်အပိုင်းများ၌ အခက်အခဲများစွာရှိနေသည့်အပြင် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် နိုင်ငံတော်အစိုးရအပြင် အင်န်ဂျီအိုများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အရေးကြီးကြောင်း သိရသည်။

အလုပ်ရှင်များ ဘက်မှလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် လုပ်ငန်းလုပ်ကိုင်မှုခွင့်ပြုရန် လျှောက်ထားစဉ်က အဆိုပြုထားသည့် လုပ်ခနှင့်လစာအတိုင်း ပေးအပ်ရန် ပျက်ကွက်မှု များပြားလျက်ရှိနေကြောင်း သိရသည်။

"ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ အဆိုပြုထားတဲ့အတိုင်း ပေးအပ်ခြင်းရှိမရှိကို စိစစ်ပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လုပ်ခလစာကို သတ်မှတ်ပေးလို့မရပါဘူး။ ဒါ့အပြင် အလုပ်သမားတွေရဲ့လစာကို ကြိုတင်ပြီး deposit တင်ထားတာမျိုးတွေ မရှိတဲ့အတွက် ညှိနှိုင်းရတာ ပိုမိုခက်ခဲနေရတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အလုပ်သမားတွေအတွက် ဘောင်အတွင်းကနေ အကောင်းဆုံးဖြစ်အောင်ကြိုးပမ်းပေးသွားပါမယ်"ဟု အလုပ်သမားနှင့် အလုပ်ရုံစစ်ဆေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောကြားသည်။

အဆိုပါ ဖိနပ်စက်ရုံအတွင်း အလုပ်သမားပေါင်း ၈၀၀ ဝန်းကျင်ရှိပြီး လက်ရှိတွင် စက်ရုံအား ပိတ်ထားလျက်ရှိကာ စက်ရုံပိုင်ရှင် ကိုရီးယားနိုင်ငံသားနှင့်မြန်မာလူမျိုး မန်နေဂျာတို့သည် တိမ်းရှောင်နေပြီး တာဝန်ခံ ကိုရီးယားလူမျိုးမန်နေဂျာသည် အာမခံရရှိထားကြောင်းနှင့် တာဝန်ရှိသူများက အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

◆ *ရှေ့ဖုံးမှ*

မက်သယူးပွဲပယ်ခံထားရ၍ တိုက်စစ်ကစားသမားစစ်စစ်တစ်ဦးမှ မပါဝင်ဘဲ ရောဝတီအသင်းကို ရင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၁ မိနစ်တွင် ချူကွာဇူက သွင်းယူပေးခဲ့သည်။

သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းက ချင်းယူနိုက်တက်အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ ဆီဇာ-လေးဂိုး၊ အီမာဆင်-နှစ်ဂိုး၊ ကျော်ကိုကို-တစ်ဂိုး၊ ချင်းနောက်ခံလူကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး၊ ချင်းယူနိုက်တက် မာတူနာ-တစ်ဂိုး

(ပေါင်းလောင်းကွင်း)

ဆောက်သမ်း-နှစ်ဂိုး

(ရှိုတာရိုနှင့်ရဲအောင်)

နေပြည်တော်-တစ်ဂိုး(ပြည့်ဖြိုးဦး)

ယနေ့ပွဲ **(သုဝဏ္ဏကွင်း)**

မကွေး-ဇွဲကပင်

(အောင်ဆန်းကွင်း)

ကမ္ဘောဇ-GFA

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် မဟာနာယကအဘိဓမ္မနယူပဒေသကျောင်း နာယကဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသ

(အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရွှေလှံကျေးရွာ ခမည်းတော် ဦးကံညွန့်နှင့် မယ်တော် ဒေါ်ချစ်တို့မှ ၁၂၈၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၉ ခုနှစ် ရေစကြိုမြို့နယ် ရွှေလှံကျေးရွာ တောင်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၉ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် မြစ်သာအနောက်ကျောင်းတိုက် ခဏ္ဍသိမ်၌ ကျောင်းကြီးဆရာတော် ဘဒ္ဒန္တနန္ဒမာလာကို ဥပဇ္ဈယ်ပြု၍ မြောင်မြို့နယ် မြစ်သာကျေးရွာ ဦးဖိုးစိန်နှင့် ဒေါ်အိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရေစကြိုမြို့နယ် ရွှေလှံတောင် ကျောင်းကြီးဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ပထမ မစိုးရိမ်ဆရာတော်၊ ဘုရားကြီးတိုက်၊ တမ္ပဝတီအုဋ်ကျောင်းဆရာတော်၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ ပခုက္ကူမြို့၊ ရွှေပေါက်ပင် ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနပြုတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ခမာဇာဂရိယ စသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၉(၂၀၀၈)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့သည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၈နှစ်)၊ သိက္ခာတော် (၆၈)ဝါအရ ၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၅ရက် (၁၁-၇-၂၀၁၄) ကြာသပတေးနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

ဦးချစ်စိုး ၅/ဟမလ(နိုင်)၀၀၃၃၆၄ ၏သား နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဝင်အမှတ်(၅၃၂၉)မှ မောင်ကောင်းထက်အား မောင်ကောင်းထက်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းထက်ဟိန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံခရိုင်အတွင်းရှိ ကွမ်းလုံမြို့နယ်အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံ၊ သဲ၊ သံချောင်းလုံး(ရွယ်စုံ)နှင့် ဘိလပ်မြေစသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၂) **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၂)(၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်)

(၃) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၈-၂၀၁၄ရက်၊ ၁၆း၀၀နာရီ

(၄) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၈-၂၀၁၄ရက်၊ နံနက် ၉း၃၀နာရီ

(၅) **တင်ဒါ/တင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကွမ်းလုံခရိုင်၊ ကွမ်းလုံမြို့ (ဖုန်း-၀၈၂-၇၀၀၁၀)

(၆) အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးကိုကိုမင်း ၁၄/ဒဒရ(နိုင်) ၁၈၈၃၀၉၏ passport, SID , CDC သင်္ဘောသားလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**

ဖုန်း-၀၉-၃၁၇၈၂၀၅၅

ဥတုရာသီ တောကိုမှီ

အသိပေးအကြောင်းကြားခြင်း

ထိုင်းနိုင်ငံ Patar Lab. Co., Ltd . မှ ထုတ်လုပ်သော B-MIX Capsule, GAS -X DROPS Suspension နှင့် MULTIVITA Capsule ဆေးဝါးသုံးမျိုးကို မြန်မာနိုင်ငံမှ Shwe Nyo Nyo Trading Co., Ltd . အားတင်သွင်းဖြန့်ချိနိုင်ရန် Patar Lab Co., Ltd.မှ ခွင့်ပြုထားပြီးဖြစ်ပါသည်။

Shwe Nyo Nyo Trading Co., Ltd .

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ် ၁၂၃၊ မြေကွက်တည်နေရာအမှတ် ၁၂၃၊ သန္တာ(၇)လမ်း(ဒေါ်သောင်း ပိုင်ဒီအင်န်-၁၀၈၁၃၈) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်း(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဘီလစ်ဦးခင်မောင်ချစ်က တရားမကြီးမှုအမှတ် (၃၇/၂၀၁၄)စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် (၂၇/ ၂၀၁၄)၏ နေ့စဉ်မှတ်တမ်းတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ် ၃/၈၂၊ ဧရိယာ ၀ဒသမ၁၂၁၈ဧက၊ လ/န-၃၉ရပြီး မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် ၁၄၆/ဂျီဟုခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူများဖြစ်သော ဒေါက်တာအောင်စည်(ခ)ဒေါက်တာဘုန်းအောင် ၁၂/ကမတ(နိုင်)၀၃၄၁၇၁နှင့် ဒေါက်တာသန်းဌေးနိုင် ၁၂/ကမတ(နိုင်)၀၃၄၁၄၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)

အထက်တန်းရှေ့နေ

အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျောင်းကျန်းမာရေးအတွက် မုန့်ဈေးတန်းများ ရှောင်တခင် စစ်ဆေးခြင်း ဩဂုတ် ၁ ရက်၌ စတင်

ရန်ကုန် ဩဂုတ် ၂

သတင်း– ခင်ရတနာ၊ ဓာတ်ပုံ– မေဦးမိုး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွင်း ကျန်းမာရေးနှင့် ညီညွတ်သည့်အစားအသောက်များ ရောင်းချစေနိုင်ရန်အတွက် စစ်ဆေးရေးလုပ်ငန်းများကို ဩဂုတ် ၁ ရက်မှ စတင်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများအတွင်း သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိသည့် အစားအသောက်များ ရောင်းချစေရန်နှင့် ထောက်ခံချက်မရှိသည့် အစားအသောက်များ ရောင်းချခြင်း၊ ဆိုးဆေးနှင့် နို့ထွက်ပစ္စည်းများအား ခွင့်ပြုချက်မပါဘဲ ရောင်းချခြင်းများကို ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ပြီး ပထမအကြိမ်အဖြစ် သတိပေးခြင်းနှင့် အသိပညာပေးခြင်းများ ပြုလုပ်မည်ဖြစ်ပြီး နောင်တွင် ထပ်မံစစ်ဆေးတွေ့ရှိပါက ကျောင်းမုန့်ဈေးတန်းရောင်းချခွင့် ပိတ်ပင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျောင်း ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက ပြောကြားသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့ကို မြို့နယ်ကျန်းမာရေး ဆရာဝန်ကြီးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများပါဝင်သော စစ်ဆေးရေးအဖွဲ့များက မြို့နယ်တစ်ခုစီကို စိစစ်ရေးအဖွဲ့ဝင်များ ခွဲခြားကာ ရှောင်တခင်စေလွှတ် စစ်ဆေးသွားမည်ဖြစ်သည်။

"ကျောင်းကျန်းမာရေး စစ်ဆေးတဲ့အဖွဲ့တွေကို ဩဂုတ် ၁ ရက်မှာ စတင်ပြီး စေလွှတ်စစ်ဆေးဖို့ ရှိပါတယ်။ အဓိကကတော့ ကျောင်းသားကျောင်းသူတွေအတွက်၊ စာသင်ကျောင်းသည် ကျန်းမာရေးအတွက် လုံခြုံစိတ်ချရတဲ့ နေရာတစ်ခုဖြစ်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် အစားအသောက်၊ နေထိုင်မှုပုံစံတွေကို စနစ်ကျစေဖို့ စိစစ်ရခြင်းဖြစ်ပါတယ်။ ကျောင်းကျန်းမာရေး တာဝန်ရှိသူတွေ၊ ဆရာတွေအပြင် မိဘတွေလည်း ပူးပေါင်းကူညီဆောင်ရွက်ဖို့ လိုအပ်နေတယ်။ စစ်ဆေးရေးအဖွဲ့ဝင်တွေ အနေနဲ့က အစားအသောက်ပိုင်းဆိုင်ရာမှာ လိုအပ်ချက်တွေကို ပြုပြင်ပေးသွားမယ်။ အစပိုင်းမှာ သတိပေးတာ၊ ပညာပေးတာ တွေလုပ်ပြီး နောက်ပိုင်းမှာ ဆိုင်ဖွင့်ခွင့် ပိတ်ပင်သွားမယ်" ဟု ဒေါက်တာ ဒေါ်ခင်စောရီက ပြောပြသည်။

ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ရန် ရည်ရွယ်ထားသဖြင့် စစ်ဆေးမည့် ကျောင်းများအား ကြိုတင်အကြောင်းကြားခြင်း ပြုလုပ်မည်မဟုတ်ဘဲ အဆင်သင့်သလို စစ်ဆေးသွားမည်ဖြစ်ခြင်းကြောင့် ပိုမိုစစ်မှန်သည့်ဆောင်ရွက်မှုများ ဖြစ်လာကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။

စားသုံးသူ ကာကွယ်ပေးရေး ဥပဒေအရ ကလေးတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါက ရောင်းချသူများအား ထောင်ဒဏ် သုံးနှစ်နှင့် ငွေဒဏ် သုံးသိန်းအထိ အရေးယူနိုင်သော်လည်း လက်ရှိတွင်မူ ကျန်းမာရေး မညီညွတ်သည့် အစားအစာများ ရောင်းချသူ ကျောင်းမုန့်ဈေးတန်းရှိ ဆိုင်များအား ပိတ်သိမ်းသည်အထိသာ အရေးယူသွားမည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရာသီအလိုက် ကျန်းမာရေးညွှန်ကြားချက်များကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးမှ သိရသည်။

(မြန်မာ့အလင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း — ၂-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၅၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၈၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၃
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၃၈
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၄
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂.၅
အိန္ဒိယ	တစ်ရူပီး	၁၄.၃၂-၁၄.၇
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၈၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၀၀-၁၃၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၂၀၀-၆၅၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၀၀-၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ–စုစည်းသည်။ | ခင်ဆိုင်–ဓာတ်ပုံပြင်ဆင်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဇူလိုင် ၃၀ ရက်က ဖဆပလရပ်ကွက်ကျန်းမာရေးဌာနခွဲရုံးတွင် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား
၁	ပြည်နယ်ရုံးကားဂိုဒေါင်ဆောက်လုပ်ခြင်း
၂	ဆော့လော်မြို့နယ်ရုံးသစ်ဆောက်လုပ်ခြင်း
၃	မချမ်းဘောမြို့နယ်ရုံးသစ်နှင့် အစည်းအဝေးခန်းမဆောက်လုပ်ခြင်း
၄	ဗန်းမော် ဒု-ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း
၅	ဗန်းမော်မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း
၆	ရွှေကူမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း
၇	မြစ်ကြီးနားမြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၈	အင်ဂျန်းယန်မြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၉	ချီဖွေမြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၀	တနိုင်းမြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၁	ဗန်းမော်မြို့နယ် (၄)ခန်းတွဲ (၁)ထပ် အရာထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၂	မြစ်ကြီးနားခရိုင် (၆)ခန်းတွဲ (၁)ထပ် အမှုထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၃	ဖားကန့်မြို့နယ် (၆)ခန်းတွဲ (၁)ထပ် အမှုထမ်းနေအိမ်ဆောက်လုပ်ခြင်း
၁၄	မန်စီမြို့နယ်အစည်းအဝေးခန်းမ ဆောက်လုပ်ခြင်း
၁၅	ဖားကန့်မြို့နယ် ရိပ်သာဆောက်လုပ်ခြင်း
၁၆	အင်ဂျန်းယန်မြို့နယ်ရုံးအုတ်တံတိုင်းကာရံခြင်း
၁၇	မိုးညှင်းဒု-ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ် ခြံစည်းရိုးကာရံခြင်း
၁၈	မိုးကောင်းမြို့နယ် နန့်ကောင်းရိပ်သာ အုတ်တံတိုင်းကာရံခြင်း (သံပန်းတံခါးအပါအဝင်)
၁၉	ဗန်းမော်ခရိုင်ရုံးဝင်း အုတ်တံတိုင်းကာရံခြင်း
၂၀	ပူတာအိုမြို့နယ်ရုံးပြုပြင်ခြင်း
၂၁	မချမ်းဘောမြို့နယ်ရုံးခြံစည်းရိုးကာရံခြင်း
၂၂	ခေါင်လန်ဖူးမြို့နယ်ရုံး ခြံစည်းရိုးကာရံခြင်း
၂၃	ခေါင်လန်ဖူးမြို့နယ်ရုံး ပြုပြင်ခြင်း
၂၄	ခေါင်လန်ဖူးမြို့နယ် (၃)ခန်းတွဲ ဝန်ထမ်းနေအိမ်ပြုပြင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၄-၈-၂၀၁၄ရက်မှ ၃-၉-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်း-၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

Lucky Seven အကျိုးဆောင်လုပ်ငန်း

မြို့နယ်စုံရှိ အိမ်၊ ခြံ၊ မြေများကို ရောင်း/ဝယ်/ငှားရမ်းလိုပါက
Lucky Seven အကျိုးဆောင်လုပ်ငန်းသို့
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
ဖုန်း-၀၉-၇၃၀၇၄၂၂၇၊ ၀၉-၂၅၄၂၈၃၂၇၅၊ ၀၉-၂၅၄၃၄၇၃၄၂

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အသုံးပြုရန်လိုအပ်သော ဖော်ပြပါစက်ပစ္စည်းများအား ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသူများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

1. Server — 21 Nos
2. Media Converter — 49 Nos
3. PC and Laptop — 1 Lot
4. Air Conditioner — 56 Nos
5. Printer — 25 Nos
6. Copier — 23 Nos
7. E1 converter — 1 Nos
8. UPS — 25 Nos
9. Rack & Accessories — 4 Nos
10. Network Cable and Accessories — 1 Lot
11. Furniture — 1 Lot

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ၃-၈-၂၀၁၄ ရက်မှ ၁၁-၈-၂၀၁၄ ရက်အထိ ရုံးချိန်များတွင် ဖော်ပြပါလိပ်စာ၌ စုံစမ်းမေးမြန်းလာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ ၁၈-၈-၂၀၁၄ရက် ၁၄း၀၀ နာရီဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန
၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၀၄၀၃၊ ၀၁-၆၅၀၄၀၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ရေ 4000 Litre ဆံ့ မီးသတ်ယာဉ်နှစ်စီးအား မြန်မာကျပ်ငွေဖြင့် နေပြည်တော်အရောက် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပုံစံများရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်

တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၂-၈-၂၀၁၄ရက်၊ မွန်းလွဲ ၁၃း၀၀ နာရီ

အသေးစိတ်သိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈သို့ မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
၁	မြစ်ကြီးနားမြို့	ပြည်နယ်ဧည့်ရိပ်သာဆောက်လုပ်ခြင်း
၂	မြစ်ကြီးနားမြို့	ပြည်နယ်အဆင့်ပုဂ္ဂိုလ်နေအိမ်လေးလုံး ဆောက်လုပ်ခြင်း
၃	မိုးညှင်းမြို့	မြို့နယ်ခန်းမဆောက်လုပ်ခြင်း
၄	ဝိုင်းမော်မြို့	ဆမားခန်းမတိုးချဲ့ဆောက်လုပ်ခြင်း
၅	မန်စီမြို့	မြို့နယ်ခန်းမ အပြီးသတ်ဆောက်လုပ်ခြင်း
၆	နောင်မွန်မြို့	မြို့နယ်ခန်းမတိုးချဲ့ပြင်ဆင်ခြင်း

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၄-၈-၂၀၁၄ ရက်မှ ၃-၉-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ-** ဘဏ္ဍာဌာနစိတ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၄၂၃၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကမ္ဘာလှည့်ခရီးသည်များ အသုံးပြုမှုများပြားလာသော ပုဂံမြေမှ လျှပ်စစ်စက်ဘီးနှင့် ဒေသစီးပွားရေးဈေးကွက်

နေပြည်တော် ဩဂုတ် ၂

ပုဂံရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများနှင့် စေတီပုထိုး၊ ဂူပုထိုးများသို့ လာရောက်လေ့လာကြသော ကမ္ဘာလှည့်ခရီးသည်များသည် ယခင်က ကားများ၊ မြင်းလှည်းများဖြင့် သွားလာလည်ပတ်ကြပြီး ယခုအခါ လျှပ်စစ်စက်ဘီးများ အသုံးပြုသွားလာမှု များပြားလာကြောင်း သိရသည်။

လျှပ်စစ်စက်ဘီးများကို အိမ်နီးချင်းတရုတ်နိုင်ငံမှ မှာယူတင်သွင်းပြီး နိုင်ငံခြားသားများ သွားလာမှုလွယ်ကူစေရေးကို ရည်ရွယ်၍ ရောင်းချခဲ့ကြောင်း မျိုးညီလျှပ်စစ်စက်ဘီးအမျိုးမျိုးနှင့် အပိုပစ္စည်းလက်လီလက်ကား ဖြန့်ချိရေး ညောင်ဦးမြို့ (ကိုယ်စားလှယ်) ဦးမောင်မောင်ဝင်းက ပြောသည်။

ဘက်ထရီအိုးကြီး ဗို့ ၂၀ စက်ဘီးတစ်စီးကို ငွေကျပ် ၄၁၅၀၀၀၊ ဘက်ထရီအိုးအသေး ၁၂ ဗို့တစ်စီးကို ငွေကျပ် ၃၇၅၀၀၀ဖြင့် ရောင်းချပြီး စက်ဘီးဘက်ထရီအား ခြောက်လ အာမခံနှင့် စက်ဘီးမော်တာကို တစ်နှစ် အာမခံပေးထားသည်။ ညဘက်တွင် စက်ဘီးဘက်ထရီအားသွင်းထားပါက တစ်နေ့တာ စီးနင်းအသုံးပြုနိုင်သည်။ လျှပ်စစ်ကိုသာ အသုံးပြုရသော စနစ်ကြောင့် လေထုညစ်ညမ်းမှုကို ကာကွယ်ရာရောက်သည့်အပြင် ငွေကုန်ကျမှုသက်သာကြောင်း သိရသည်။

ပုဂံမြေတွင် ယခုဝါဆိုလမှစတင်၍ ပြာသိုလအထိ ဒေသဘုရားပွဲများ အစဉ်မပျက် ရှိနေခြင်းအတွက် အရောင်းအဝယ်သွက်ကြောင်း၊ ရွှေစည်းခုံဘုရားပွဲနှင့် အာနန္ဒာဘုရားပွဲများတွင် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချကြောင်း၊ ယခုဆိုလျှင် ဧည့်နိုင်ငံခြားသားများသာမက ပုဂံသို့ လာရောက်ဘုရားဖူးကြသော ပြည်တွင်းဧည့်သည်မိသားစုများရှိ လူငယ်ကလေးများပါ စိတ်ဝင်စားမှုရှိ၍ စီးနင်းလာသောကြောင့် တခြားမြို့ကြီးများသို့လည်း တင်ပို့ရောင်းချလာရပြီး ရောင်းဝယ်မှုတွင်ကျယ်လာကြောင်း သိရသည်။

ပုဂံဒေသတွင် လျှပ်စစ်စက်ဘီးများ ငှားရမ်းနေသော အငှားဆိုင်တစ်ဆိုင်ပိုင်ရှင်က “ကျွန်တော်တို့ဆိုင်က နေ့စဉ် လျှပ်စစ်စက်ဘီး ၁၀ စီးခန့် ငှားရမ်းရပြီး ငှားရမ်းခအနေနဲ့ နံနက် ၇ နာရီမှ ညနေ ၅ နာရီထိတစ်စီးကို ငွေကျပ် ၈၀၀၀ ရပါတယ်။ ငှားရမ်းမှုအနေနဲ့ကတော့ နိုင်ငံခြားသားတွေက အများဆုံး ငှားရမ်းကြတာပါ။ ယခုဆို ပုဂံမြို့ပေါ်ရှိ ဟိုတယ်၊ စားသောက်ဆိုင်တွေမှာ တော်တော်များများ ဝယ်ယူထားပြီး ငှားရမ်းလာတာကို တွေ့ရတယ်။ လျှပ်စစ်စက်ဘီးတွေဟာ ခြေနင်းပါဝင်တဲ့အတွက် ကညနမှာ သတ်မှတ်ယာဉ်မှတ်ပုံတင်လိုင်စင် ပြုလုပ်စရာမလိုဘူး၊ စီးနင်းသူ အတွက်လည်း ဘက်ထရီအားကုန်ရင် အခြားစက်ဘီးတွေလိုပဲ ခြေနင်းအသုံးပြု သွားလာနိုင်တဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်” ဟု ပြောပြသည်။

လျှပ်စစ်စက်ဘီးအသုံးပြုစီးနင်းသူ နိုင်ငံခြားသားဧည့်သည်တစ်ဦးက “လျှပ်စစ်စက်ဘီးအသုံးပြုသွားလာရတာ အဆင်ပြေတယ်။ လေ့လာချင်တဲ့နေရာ၊ လိုရာခရီး၊ ကားနှင့်သွားလာရခက်ခဲသော နေရာများကို သွားလာရာမှာ အဆင်ပြေတယ်။ ကိုယ်တိုင် စီးနင်းသွားလာရတဲ့အတွက် ကျေနပ်မှုရှိတယ်။ စက်ဘီးတွေကို ခြေနင်းနဲ့နင်း၍ သွားလာနိုင်ခြင်းအတွက်လည်း ကျန်းမာရေးကို အထောက်အကူပြုတယ်”ဟု မြန်မာစကားပြန်မှတစ်ဆင့် ပြောကြားသည်။

မြန်မာတို့၏ ရှေးဟောင်း အမွေအနှစ်လက်ရာများ အများဆုံးရှိရာ ပုဂံမြေတွင် လာရောက်လေ့လာကြသော ဧည့်နိုင်ငံခြားသားများ၊ ပြည်တွင်းဘုရားဖူးများ လျှပ်စစ်စက်ဘီးများ အသုံးပြုသွားလာနေမှုသည် ယခင်နှစ်များထက် ပိုမိုလာကြောင်း တွေ့မြင်ရသည်။

ကိုမျိုး(ရွှေပေါက္ကံ)

ဓာတ်ပုံ-ကိုထိုက်(ပျဉ်းမနား)

ယခုဆို ပုဂံမြို့ပေါ်ရှိ ဟိုတယ်၊ စားသောက်ဆိုင်တွေမှာ တော်တော်များများ ဝယ်ယူထားပြီး ငှားရမ်းလာတာကို တွေ့ရတယ်

ကျန်းမာရေးပညာပေးစကားဝိုင်းကျင်းပ

လယ်ဝေး ဩဂုတ် ၂

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ပတ္တာစံဝါအောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေးပညာပေးစကားဝိုင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်မီမီစိုးနှင့် အသင်းဝင်များ၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်လှလှကြည်၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့်အသင်းဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာ စုစုထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြပြီး အာဟာရအုပ်စုများအကြောင်း၊ HIV. AIDS ရောဂါများဖြစ်ပွားမှုနှင့် ကာကွယ်ရေးအကြောင်း၊ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးပညာပေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုအကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း၊ အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်းတို့အား စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်လှလှကြည်က လက်သန့်ရှင်းရေးသရုပ်ပြပညာပေးခြင်းနှင့် သက်ကြီးကိုယ်ဝန်ဆောင်မိခင်များကို လယ်ဝေးမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ အခမဲ့မွေးဖွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့မှ ခေါက်ဆွဲခြောက်၊ ပဲနို့၊ ကွေကာနှင့်ရှူဆေးဘူးများကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သက်ကြီးဘိုဘွား ၁၀ ဦး၊ ကိုယ်ဝန်ဆောင် ၁၀ ဦး၊ ငါးနှစ်အောက် ကလေးငယ် ၁၀ ဦး၊ ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ ၁၀ ဦးနှင့် ကျေးရွာဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

Lin Win Export Furniture & Floorings
Stock Clearance Sales !!!

HOTEL & RESORT များအတွက်
EXPORT QUALITY TEAK GARDEN FURNITURE များ ရောင်းရန်ရှိပါသည်
အထူးဈေးနှုန်းများဖြင့် ရောင်းချပေးပါမည်။
Head Office & Showroom
No.89, Hnin Si Kone Road, Ahlone Township, Yangon, Myanmar.
Tel : 09 515 0647, 09 503 4848, 228475. Email : linwin@linwinmyanmar.com

အမြန်ပြန်လာပါ

အထက်ပါဓာတ်ပုံရှင် ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ခင်သူဇာ ၁၂/ဥကမ(နိုင်) ၁၈၃၈၈၂ သည် ခင်ပွန်းဖြစ်သူနှင့် စကားများစိတ်ဆိုးပြီး နေအိမ်မှထွက်ခွာသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ လက်ခံထားရှိသူများကို တရားဥပဒေအရ အရေးယူပါမည်။

ခင်ပွန်း ဦးသောင်းထိုက်
ဖုန်း-၇၃၀၇၈၂၆၃၊ ၄၅၀၀၂၆၄၉၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၂

ဦးချစ်ကိုကို	နှင့်	ဦးလှသန်း
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဦးလှသန်း အမှတ်(၈၅၄/ခ)၊ မာန်ပြေ ၁၆ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်၊ တရားရုံးတော်၏ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၄ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြလိုသော စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဦး ၉/မသန(နိုင်)၀၂၃၀၈၉၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းကွက်၊ ရပ်ကွက်အမှတ်(၃)ဘီ၊ အကွက်အမှတ်(၇၆) ဧရိယာ ဒသမ၀၉၂ မြေပိုင်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ဒေါ်ကျင်ဥပိုင်ဆိုင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၉-၁-၂၀၀၅ ရက်တွင် အပြီးအပိုင်ဝယ်ယူပြီး လက်ရှိနေထိုင်၍ မူလအဆောက်အအုံကိုဖျက်ပြီး အသစ်ဆောက်လုပ်ကာ နေထိုင်လာခဲ့သူဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေကွက်နှင့်နေအိမ်ကို ကျွန်ုပ်၏မိတ်ဆွေသည် တရားဝင်ပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသူတစ်ဦးဖြစ်သောကြောင့် ယင်းမြေကွက်နှင့်နေအိမ်အား တခြားသူသို့ လွှဲပြောင်းရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေသည် ဆောင်ရွက်ရန်ရှိသည့်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)
အမှတ် ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၁၃၀၆၊ ပဲခူးမြစ်လမ်း၊ အကျယ်အဝန်း (၄၀ပေ×၆၀ပေ)ရှိ ဦးထွေး(AA-009636) ၁၂/ကမတ(နိုင်)၀၃၈၄၃၄ အမည်ပေါက်ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးတိမ်လွင် ၁၂/သကတ(နိုင်) ၁၀၈၉၇၉ ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉)
အထက်တန်းရှေ့နေ
အမှတ်(၃၃၁) ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၄၂၀၀၄၇၁၉၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ကျွန်မ ဒေါ်ဦးမြရီ၏သား မောင်ကိုကိုစံ ၁၂/မဘန(နိုင်) ၁၄၈၇၄၀ သည် မိသားစုကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သူနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဒေါ်ဦးမြရီ ၁၁/စတန(နိုင်) ၀၀၀၀၈၆**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

ချန်ပီယံဖလားနှင့် ကလပ်ခြေစမ်းပွဲစဉ်များ (သီဟ)

ချန်ပီယံဖလား အုပ်စု(ခ) — ဩဂုတ် ၃

အေစီမီလန်	-	လီဗာပူး	နံနက် ၅း၀၀

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ — ဩဂုတ် ၃/၄

ဒန်းဘော့ချ်	-	PSV	ည ၇း၀၀
ဒန်းဟက်ချ်	-	လီဗန်တေး	ည ၇း၀၀
ဘင်ဖီကာ	-	ဗလင်စီယာ	ည ၇း၃၀
ဘော်လ်တန်	-	ဗစ်တက်စီ	ည ၇း၃၀
ဝက်စ်ဟမ်း	-	မာလာဂါ	ည ၈း၀၀
ဘလက်ဘန်း	-	စတုတ်စီးတီး	ည ၈း၃၀
အော့စ်ဘတ်	-	ထရက်ဗွန်စပေါ်	ည ၈း၃၀
ဝါဒါဘရီမင်	-	ချယ်လ်ဆီး	ည ၉း၃၀
အဲဗာတန်	-	ပေါ်တို	ည ၉း၃၀
အာဆင်နယ်	-	မိုနာကို	ည ၉း၅၀
ရှော်လ်ကေး	-	နယူးကာဆယ်	ည ၁၀း၁၅
ရက်ပါစွယ်	-	ဒွေါမွန်	ည ၁၀း၃၀
အလာဗက်စ်	-	ဆိုစီဒက်	နံနက် ၀၀း၄၅

ကလပ်ခြေစမ်းပွဲ ဩဂုတ် ၁/၂ ဂိုးရလဒ်များ

ဂတ်ဒါလာဂျာရာ	၀-၁	ဘိုင်ယန်မြူးနစ်
ပါဒါဘွန်း	၀-၁	ဝီဂန်
ဒွေါ့မွန်	၁-၀	ချီယေဗို
ဘုန်းမောက်	၃-၁	ဆွမ်ဆီး
နော့ဝုစ်ချ်	၂-၂	ဆယ်လ်တာဗီဂို
ဘတ်လင်ဂါ	၁-၄	ရန်းနက်စ်
ဖရိုင်းဘတ်	၂-၀	ဖရိုင်းဘာဂါ

ပရီမီယာလိဂ်ကို ကျော်ဖြတ်မယ့် လာလီဂါ

မိုးမြင့်လင်းလက်

ကမ္ဘာပေါ်မှာ ပရိသတ် စိတ်ဝင်စားမှုအရှိဆုံးနဲ့ အားပေးမှု အမြင့်ဆုံးဖြစ်တဲ့ အင်္ဂလန်ပရီမီယာလိဂ်ထက် ပိုမို ပရိသတ်စိတ်ဝင်စားဖို့ ကြိုးစားသွားမှာဖြစ်ပြီး ရုပ်မြင်သံကြား ဈေးကွက်ပိုမိုကျယ်ပြန့်အောင်လည်း အစွမ်းကုန် ကြိုးစားသွားမယ်လို့ စပိန်လာလီဂါ ဥက္ကဋ္ဌ ဂျာဗီဟာတီဘက်စ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ထိပ်တန်း ရုပ်မြင်သံကြားကုမ္ပဏီတွေဟာ ပရီမီယာလိဂ်မှာပဲ အဓိက ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတာကို ခွဲဝေရယူနိုင်ဖို့ဆိုတာ စပိန်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းတိုင်းနဲ့ ကစားသမားပါမကျန် တာဝန်ရှိသူတွေကရော မီဒီယာတွေပါ စုပေါင်းကြိုးစားမှ ရရှိနိုင်မယ်လို့ ထောက်ပြထားပါတယ်။

လောလောဆယ်မှာတော့ စပိန်လာလီဂါအသင်းတွေဟာ ရုပ်မြင်သံကြားထုတ်လွှင့်မှု ခွဲဝေတာမညီမျှမှုတွေဖြစ်နေတာမို့ အားလုံးပြုပြင်စရာတွေ အများကြီးရှိနေဆဲပဲ ဖြစ်ပါတယ်။

စပိန်လာလီဂါ ပြိုင်ပွဲတွေကို အာရှဈေးကွက်မှာ ကျယ်ကျယ်ပြန့်ပြန့် နေရာယူနိုင်အောင် ကြိုးစားနေပေမယ့် ပရီမီယာလိဂ်ရဲ့ လွှမ်းမိုးမှုကို ထိထိရောက်ရောက် အစားထိုးဖို့ မလွယ်သေးဘူးလို့လည်း ဂျာဗီဟာတီဘက်စ်က ပြောကြားနေပါတယ်။

တကယ်တော့ ပရီမီယာလိဂ်ဈေးကွက်ဟာ အာရှ၊ တောင်အမေရိက၊ အာဖရိက၊ အမေရိကနဲ့ ဥရောပတွေမှာ ကျယ်ပြန့်နက်ရှိုင်းစွာ ထိုးဖောက် လွှမ်းမိုးထားနိုင်ပါတယ်။ ဒီလိုလွှမ်းမိုးမှုကို စပိန်လာလီဂါအနေနဲ့ ထိုးဖောက်နေရာယူဖို့ဆိုတာ အချိန်ကာလတစ်ခုတော့ လိုအပ်နေဦးမှာဖြစ်ပါတယ်။

လာလီဂါအသင်းတွေမှာ ကမ္ဘာကျော်ကစားသမားတွေ၊ ကမ္ဘာကျော်နည်းပြတွေ၊ ကစားဟန်တွေနဲ့ မီဒီယာတွေဟာ ပြည့်စုံပြီးဖြစ်ရင်တော့ ကမ္ဘာကျော် ပရီမီယာလိဂ်ပြိုင်ပွဲတွေကို ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဘောလုံးအသင်းလိုက် အချမ်းသာဆုံးကိုတော့ စပိန်အသင်းတွေက ထိပ်ဆုံးမှာ နေရာယူထားနိုင်ပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းတွေရဲ့စာရင်းမှာ ရီးရဲမက်ဒရစ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံနဲ့ ပထမ၊ ဘာစီလိုနာက အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံနဲ့ ဒုတိယနေရာမှာ ရပ်တည်နေပြီး ပရီမီယာလိဂ်ကလပ် မန်ယူက ဒေါ်လာ ၂ ဒသမ ၈၁ ဘီလီယံနဲ့ တတိယနေရာမှာ ရှိနေပါတယ်။

အသင်းလိုက် ချမ်းသာမှုမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ စပိန်လာလီဂါအသင်းတွေဟာ ကမ္ဘာ့ရုပ်မြင်သံကြား ထုတ်လွှင့်နေမှုမှာတော့ ကမ္ဘာ့ဈေးကွက်ဝေစု ပိုမိုရရှိဖို့ လိုအပ်နေသေးတယ်လို့ ဆိုနေပါတယ်။

လမ်းပတ် မန်စီးတီး ရောက်လာမည်

မန်စီးတီးက ချယ်လ်ဆီး ကွင်းလယ်ကစားသမားဟောင်း လမ်းပတ်အား နယူးယောက်စီးတီးအက်ဖ်စီမှ အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။ လမ်းပတ်သည် ချယ်လ်ဆီးတွင် ၁၃ နှစ်ကြာ ကစားခဲ့ပြီး ပွဲပေါင်း ၆၄၉ ပွဲတွင် ၂၁၁ ဂိုး သွင်းယူပေးခဲ့သည်။

လမ်းပတ်ကို ပြီးခဲ့သည့်လက နယူးယောက်စီးတီးက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူထားသည်။

အသက် ၃၆ နှစ်ရှိ ကွင်းလယ်ကစားသမား လမ်းပတ်ကို ဇန်နဝါရီလလယ်အထိ အငှားခေါ်ယူထားမည်ဟု ဆိုသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် (၅၅)နေ
ဒေါက်တာဖေညာဏ်(အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံး)- ဒေါ်လှကြည် တို့၏ တစ်ဦးတည်းသောသား
မောင်သီလ
MD. စန္ဒာကူးမြိုင်ပန်းချီပြတိုက်၊ Free Lance Photographer
နှင့်
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဦးနီတိုးလမ်း၊ အမှတ် (၁)နေ
ဦးအောင်ငွေး- ဒေါ်ဆွေဆွေပြုံး တို့၏သမီး
မောင်ရန်နိုင်ထွန်း- မကြည်ကြည်ဦး တို့၏ညီမ၊ မလှလှဝင်းငွေး၏အစ်မ
မပြုံးမြင့်မြတ်အောင်
M.C.S.C (Thesis), Fortune International Ltd.

တို့၏ ၂၀၁၄ ခုနှစ် မေ ၁၈ ရက် ပဏ္ဍိတာရာမကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်လာကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့မေတ္တာဖြင့် ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မေ ၂၅ရက် ကျွန်တော်၏အိမ်ဂေဟာ စန္ဒာကူးမြိုင် ပန်းချီပြတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါသော ဦးငွေးဦး(ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး ဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး)နှင့်ဇနီးဒေါ်နန်းဖြူဖြူအောင်တို့အားလည်းကောင်း၊ ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)နှင့် ဇနီးဒေါ်ခင်မေစိုးတို့အားလည်းကောင်း၊ ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဇနီး ဒေါ်နီနီတို့အားလည်းကောင်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဇနီး အန်တီဒေါ်ဝင်းဝင်းမော်တို့အားလည်းကောင်း၊ ဗိုလ်မှူးချုပ်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ ငြိမ်း)-ဇနီးဒေါ်ခင်ဆွေတို့အားလည်းကောင်း၊ ဗိုလ်ချုပ်လှအောင်သိန်း(စီးပွားရေးဦးပိုင်)-ဇနီးဒေါ်အေမီခိုင် တို့အားလည်းကောင်း၊ ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)- ဇနီးဒေါက်တာမွန်မွန်ထက် တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော ဘဘ ဦးအုန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်နုနုဆွေတို့အားလည်းကောင်း၊ ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး)နှင့် ဇနီးဒေါ်ခင်အေးကျင်တို့အားလည်းကောင်း၊ ဦးမြင့်ဆွေ (ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး)နှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ ဦးမြတ်ကို (ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး)- ဇနီးအန်တီဒေါ်ဇေရီခိုင်မိသားစုတို့အားလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး-ဇနီးဒေါ်ခင်သန်းငွေးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မောင်တို့အားလည်းကောင်း၊ ဒေါက်တာဦးနေဇင်လတ်(သမ္မတအကြံပေးအဖွဲ့ဝင်)နှင့်ဇနီး ဒေါ်ခင်စန်းတို့အားလည်းကောင်း၊ ဦးရဲမင်းနှင့်ဇနီး ဒေါ်သန်းသန်းငွေး (နိုင်ငံတော်သမ္မတရုံး)တို့အားလည်းကောင်း၊ ဗိုလ်မှူးကြီးကိုကိုကျော် (နိုင်ငံတော်သမ္မတရုံး)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် ကူညီပေးကြပါသော ဒေါ်ညွှန့်ယဉ်ဝင်း MD. (LANDMARK CONSTRUCTION CO., LTD.) အားလည်းကောင်း၊ ဦးဝင်းသိမ်း (ရေကျောင်းသိပ္ပံကျောင်းအုပ်ကြီး)နှင့်ဇနီး အန်တီဒေါ်လှလှဝင်းတို့အားလည်းကောင်း၊ ဒေါ်ခင်ဆွေယုအားလည်းကောင်း၊ A1 ဆောက်လုပ်ရေးကုမ္ပဏီအားလည်းကောင်း၊ Fortune International Limited အားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးသန့်စင်(စီးပွားရေးဦးပိုင်)ဇနီး ဒေါ်အေးအေးမော်တို့အားလည်းကောင်း၊ ဦးထွန်းမောင်နှင့်အန်တီဒေါ်ဆွေဆွေမုန်း၊ ဒုတိယဗိုလ်မှူးကြီးဇေယျာမိုးနှင့် ဇနီးအန်တီဒေါ်ဥမ္မာထွန်းတို့အားလည်းကောင်း၊ ဦးလေး ဒုတိယဗိုလ်မှူးကြီးအောင်စိုးဝင်းနှင့်ဇနီးဒေါက်တာဒေါ်စုစုဝင်း၊ ဦးမျိုးတင့်ကြည်တို့အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲများနှင့် မင်္ဂလာညှော်ခံပွဲတို့အား ကြွရောက်ကူညီပေးကြပါသော ဆရာ ဒေါက်တာဦးအေးချို-ဇနီး ဒေါက်တာဒေါ်တင်တင်မြိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း)နှင့် သား ကိုဇေယျာအေးချို-ဇနီး မဇာဇာမျိုးဟန်တို့အားလည်းကောင်း၊ ၂၈-၅-၂၀၁၄ ရက် ပုံညာရာမကျောင်းတိုက် မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်အားပေးချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျွန်တော်ကျွန်မတို့အား ၂၈-၅-၂၀၁၄ရက် ရန်ကုန်တိုင်းဒေသကြီးတရားရုံးချုပ်တွင် မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မေတ္တာဖြင့် လာရောက်ချီးမြှင့်ပေးကြသော ရပ်ဝေးရပ်နီး နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သော မိခင်၊ ဖခင်နှင့် မင်္ဂလာမောင်နှံ
မောင်သီလ-မပြုံးမြင့်မြတ်အောင်

ကျူးပီအာတိုက်စစ်မှူး နယူးကာဆယ်ခေါ်ယူလို

ကောင်းမြတ်သူ စုစည်းသည်

ကျူးပီအာမှ လီဗာပူးသို့ ပြောင်းရွှေ့ရန် ကြိုးစားခဲ့သည့် ပြင်သစ်တိုက်စစ်မှူး လွိုက်ရေးမီသည် စာချုပ်မှုပျက်ပြားခဲ့ပြီးနောက် နယူးကာဆယ်က ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု နည်းပြအလန်ပါဒူးက ပြောကြားလိုက်သည်။

အသက် ၂၇ နှစ်ရှိ ရေးမီသည် ပြီးခဲ့သည့်ရာသီအတွင်း ၁၄ ဂိုးသွင်းယူပေးထားခဲ့သည်။

လီဗာပူးနှင့် စာချုပ်မှု ပျက်ပြားသွားခဲ့ပြီးနောက် ကျူးပီအာသို့ ပြန်လာရမည်ဖြစ်သည်။ ၎င်းအား လီဗာပူးက ခေါ်ယူရန်စာချုပ် ပျက်ခဲ့သော်လည်း နယူးကာဆယ်က ခေါ်ယူသွားမည်ဟု ဆိုသည်။

စပါးခံစစ်မှူးဖြစ်လာမယ့် အဲရစ်ဒီယာ

အာကာကျော်

စပို့တင်းလစ္စဘွန်းနောက်တန်း ကစားသမား အဲရစ်ဒီယာကို စပါးက ပေါင်လေးသန်းနဲ့ ခေါ်ယူဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ သူဟာ စပါးအသင်းမှာ မကြာမီ ဆေးစစ်မှုခံယူဖို့ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ သူဟာ အသက် ၂၁ နှစ်အောက် အင်္ဂလန်ကစားသမားဖြစ်ပါတယ်။ သူဟာ ချာတန်ဟမ်မြို့မှာ မွေးဖွားခဲ့ပြီး ကလေးဘဝအရွယ်မှာ ပေါ်တူဂီသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ပေါ်တူဂီ လစ္စဘွန်းကလပ်မှာ ပွဲပေါင်း ၃၀ ပါဝင်ကစားထားသူလည်း ဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိတဲ့ ဒီယာ ဟာ စပို့တင်းမှာ စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒရှိပေမယ့် စပါးက ဆွဲဆောင်မှု ပိုကောင်းတာကြောင့် လာမယ့်ရာသီမှာ စပါးနဲ့အတူ ပွဲထွက်လာတော့မှာ ဖြစ်ပါတယ်။ သူဟာ ဘန်ဒါးဗီစ်နဲ့ ဆွမ်ဆီးမှ မိုက်ကယ်မွန်းတို့အပြီး စပါးက တတိယမြောက် ခေါ်ယူခဲ့တဲ့ ကစားသမားဖြစ်လာမှာဖြစ်ပါတယ်။ စပါးအသင်းနဲ့အတူ မကြာမီ စတင်တော့မယ့် ပရီမီယာလိဂ်အဖွင့်မှာ ဒီယာရဲ့ခြေစွမ်းကို တွေ့ရတော့မှာဖြစ်ပါတယ်။ သူဟာ လူငယ်ဖြစ်ပေမယ့် စပို့တင်းမှာ အတွေ့အကြုံကောင်းတွေရခဲ့တာကြောင့် စပါးရဲ့ခံစစ်ကို အကောင်းဆုံးကာကွယ်ပေးမယ့် အနေအထားပါပဲ။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သွေးလှူကြသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ

ရန်ကုန် ဩဂုတ် ၂

သွေးသည်အသက်ဟု ဆိုလျှင် သွေးလှူသူများသည် အသက်သွေးကို စေတနာမွန်မြတ်စွာ ပေးလှူကြခြင်း ဖြစ်သည်။ သန့်ရှင်းသောသွေးကို လှူဒါန်းသူများအနက် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ကြက်ခြေနီ အသင်းမှ (၁၂)ကြိမ်မြောက်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ စုပေါင်း သွေးလှူဒါန်းမှုကို ရန်ကုန်အနောက် ပိုင်းတက္ကသိုလ်၌ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မှ ဘာသာရပ်စုံကျောင်းသား ကျောင်း သူ စုစုပေါင်း ၆၂၀ တို့က သွေးလှူ ဒါန်းရန် စာရင်းပေးခဲ့သဖြင့် တက္က သိုလ်ကျောင်းသားများ၏ အသက် သွေးလှူဒါန်းမှုစေတနာမှာ အသိ အမှတ်ပြုစရာဖြစ်သည်။ အမျိုး သားသွေးဌာနမှ ဒေါက်တာသီတာ အောင်နှင့် ဆရာဝန်၊ သူနာပြုများ ၂၆ ဦး ပါဝင်သည့်အဖွဲ့က သွေး လှူဒါန်းသည့် ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်မှ ကျောင်းသား ကျောင်း သူများကို တစ်ဦးချင်း စနစ်တကျ သွေးစစ်ဆေးကာ သွေးများ ဖောက်ယူ ခဲ့ကြသည်။

အနောက်ပိုင်း တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ သွေးလှူဒါန်းရာတွင် မြန်မာစာ ဘာသာအထူးပြု ၃၄ ဦး၊ အင်္ဂလိပ် ဘာသာအထူးပြု ၂၇ ဦး ၊ ပထဝီ ဘာသာအထူးပြု ၃၅ ဦး၊ သမိုင်း ဘာသာအထူးပြု ၄၀၊ ဒဿနိက အထူးပြု ကိုးဦး၊ အရှေ့တိုင်းဘာသာ ရပ်အထူးပြု တစ်ဦး၊ ဓာတုဗေဒ အထူးပြု ၉၆ ဦး၊ ရူပဗေဒ ဘာသာ အထူးပြု ၁၂၄ ဦး၊ ရုက္ခဗေဒအထူးပြု ၄၈ ဦး၊ သတ္တဗေဒ အထူးပြု ၃၀ ၊ သင်္ချာဘာသာရပ်အထူးပြု ၇၆ ဦး၊ ကုန်ထုတ်ဓာတု ၇၇ဦး၊ ဘူမိဗေဒ ၂၁ ဦး၊ တက္ကသိုလ်ဝန်ထမ်းနှစ်ဦးတို့ဖြစ် သည်။ အချိန်နှင့်သွေးထိန်းသိမ်းမှု အရတက္ကသိုလ်ကျောင်းသား ကျောင်း သူ ၃၃၂ ဦးတို့သာ သွေးဖောက် လှူဒါန်းနိုင်ခဲ့သည်။

တက္ကသိုလ်ကျောင်းသားကျောင်း သူများ စုပေါင်းသွေးလှူဒါန်းပွဲသို့ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ မြန်မာစာ ပါမောက္ခနှင့် ပါမောက္ခ ဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ အသင်းမှ တာဝန်ရှိသူများက လိုက်လံ အားပေးကူညီပေးကြသည်။

"ရန်ကုန်အနောက်ပိုင်း တက္က သိုလ်ကျောင်းသား ကျောင်းသူတွေကို ပထမဆုံးအဆင့်အဖြစ် သွေးလှူ မယ့်သူတွေစာရင်းပေးဖို့ တောင်းခံ ပါတယ်။ အဲဒီကျောင်းသား ကျောင်း သူတွေကို သွေးပေါင်ချိန်တိုင်းပြီး အချက်အလက်ညီတဲ့ သူတွေကို လက်ခံပါတယ်။

အဲဒီအချက်တွေက အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမယ်။ အမျိုး သမီးဆိုရင် ကိုယ်အလေးချိန် ပေါင် ၁၀၀ နဲ့ အမျိုးသားဆိုရင် ကိုယ် အလေးချိန် ပေါင် ၁၂၀ ရှိရမှာ ဖြစ်ပြီး ရောဂါကင်းရှင်းရမှာ ဖြစ်ပါတယ်" လို့ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ကြက်ခြေနီအသင်းဉက္ကဋ္ဌ ဒေါက်တာ ကြူကြူလှက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က မြန်မာတစ်နိုင်ငံလုံး တက္ကသိုလ် ကောလိပ်များတွင် သွေးလှူဒါန်းသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ဦးရေအများဆုံးမှာ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်ဖြစ်ကြောင်း သိရသည်။

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

တန့်ဆည်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တန့်ဆည် ဩဂုတ် ၂

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးအတွက် ရည်ရွယ်၍ မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက တန့်ဆည်မြို့နယ် ဒေါင့်ကြီး ကျေးရွာအုပ်စု တမဲ တောရွာ အမကကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးမှူး နှင့် ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီး အရာရှိနှင့် ဝန်ထမ်းများ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၃၀၀၊ ယူကလစ် ၄၅၅ ပင်၊ မန်ကျည်းရှား ပင် ၁၀၀၊ စွယ်တော်ပင် ၁၀၀၊ ယင်းမာပင် ၃၀၊ ရေသင်းဝင်ပင် ၃၀၊ ခရေငါးပင် စုစုပေါင်း အပင် ၁၀၂၀ တို့ကို စိုက်ပျိုးကြသည်။

စိုက်ပျိုး

အပူပိုင်းဒေသ စိမ်းလန်းစိုပြည် ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ဇူလိုင် ၂၈ ရက်က လည်း တန့်ဆည်မြို့နယ်တောကျင် အလက (ခွဲ)ကျောင်းဝင်း၌ ကျွန်းပင် ၈၀၊ ပိတောက်ပင် ၂၀၊ ယူကလစ်ပင် ၁၀၀ တို့ကိုစိုက်ပျိုးခဲ့ကြောင်း သိရ သည်။

ညိုထွန်း(တန့်ဆည်)

ပခုက္ကူတက္ကသိုလ် ကြက်ခြေနီ အခြေခံသင်တန်းဖွင့်

ပခုက္ကူ ဩဂုတ် ၂

ပခုက္ကူတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံအဆင့်) သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ပခုက္ကူ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပခုက္ကူတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဦးချို၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုကိုကြီးနှင့် ဌာနမှူးများ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မေသွင်၊ ခရိုင်ရဲတပ်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်း၊ ခရိုင်မိခင်နှင့် ကလေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ရင်းမှူးရဲမှူးမောင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် လဝကမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ဖိတ်ကြားထား သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင်က ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ရှင်း လင်းပြောကြားခဲ့ပြီး ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅၀ တက်ရောက်ခဲ့ရာ သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ **အောင်(မန်းတက္ကသိုလ်)**

စုပေါင်းသစ်ပင်စိုက်ပျိုး

ပဲခူး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဇီးကုန်းလေးရပ်ကွက် အခြေခံမူလတန်းကျောင်းဝင်းအတွင်း ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင် ၁၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ သစ်တောဦးစီး ဌာနဦးစီးအရာရှိ ဦးဇော်ဝင်းအောင်နှင့် ဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဥကြည်နှင့် ဆရာ ဆရာမျာ၊ ကျောင်းသား ကျောင်းသူ ၁၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **တင်မြင့်(နတ်တလင်း)**

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်

မကွေး ဩဂုတ် ၂

မကွေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အထူးပြုဘာသာရပ် အလိုက် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်က မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် မကွေးတက္ကသိုလ်မှ အထူးပြု ဘာသာရပ်အလိုက် ကာယဗလမောင် ၁၄ ဦးနှင့် ကာယအလှမယ် ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲသို့ Miss Golden Myanmar အလှယ်မယ် ၂၅ ဦးက သရုပ်ပြကိုယ်ဟန် အလှပြခဲ့ကြသည်။

ယင်းကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲမှ ဆုရရှိသူ များအား မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာသက်လွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ညီမင်းသား**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/၂၈၉၂၀ ထရော်လာကျီ Lifan F/T (4x2)L Dump Body ယာဉ် လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

မွေးသက္ကရာဇ်မှန်

ဦးအောင်မျိုး၏သား နေပြည်တော် အထက(၆)၊ သတ္တမတန်း(က)မှ မောင် အောင်မျိုးသက်၏ မွေးသက္ကရာဇ်အမှန် မှာ ၂၄-၂-၂၀၀၂ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ကျိုင်းတုံမြို့၊ ရပ်ကွက် (၁)၊ စည်ပင် ဝန်ထမ်းအိမ်ရာနေ မောင်အောင်မြတ် ဘုန်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်ချစ် ဖူးငုံ ၁၃/တကန(နိုင်)၀၃၉၁၄၆ဖြစ်ပါ ကြောင်း။ **ဒေါ်ချစ်ဖူးငုံ**

ဓေယျ (၇၄)သင်တန်းဆင်း တရားရေးအရာရှိများဆွမ်းလောင်းပွဲတွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲဖိတ်ကြားခြင်း

ဓေယျ (၇၄)သင်တန်းဆင်း တရားရေးအရာရှိများ၏ နှစ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ်အဖြစ် ဆွမ်းလောင်းပွဲ၊ တွေ့ဆုံပွဲနှင့် ဆရာကန်တော့ ပွဲများကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်များတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ တရားရုံးချုပ်မွှေရုံ၌ ကျင်းပမည်ဖြစ်ပါ၍ သင်တန်းဆင်း တရားရေးအရာရှိများအားလုံး တက်ရောက်ကြပါရန် ခင်မင် ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ဓေယျ(၇၄)တရားရေးအရာရှိများ ပုလဲရတုဖြစ်မြောက်ရေး ကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၆၈၁၁၊ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းယဉ်မိုးစံ ၉/မဟမ(နိုင်)၀၀၅၂၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၆၂၉၉၊ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၉/မလန(နိုင်)၀၇၅၂၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံ သော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ တာချီလိတ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၆၄၆၄၊ Y-DT ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းရွှေ ၉/မလန (နိုင်)၀၇၅၂၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ တာချီလိတ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈စ/၃၀၄၇ TIP TOP (TTJ-12)ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၉/တတဉ(နိုင်) ၁၀၉၄၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၆၉၉၂၈ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းဦး ၉/ကဆန(နိုင်)၁၁၀၈၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေကွက်အမှတ် (ဉ-၃၂၈၁)အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်လေး ၁၃/မမတ(နိုင်)၀၂၈၀၃၀၏ ယာယီမြေပေးမိန့်မူရင်း ပျောက်ဆုံး သွားသဖြင့် မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူ များအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ လာရောက်ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ကုန်း အလက(ခွဲ) တတိယတန်းမှ ဦးထွန်းထွန်းဦး၏သား မောင်နေမင်းသူရိန် အား ယနေ့မှစ၍ မောင်ဟိန်းခန့်ဇေယျဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းခန့်ဇေယျ**

ပျောက်ဆုံးခြင်း

ကျွန်မ မလှိုင်လင်းဒွီး ၁၃/တကန (နိုင်) ၀၀၄၀၇၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၂၂၅၁၁

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့ မိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း (တက္က သိုလ်ဝင်တန်း)တွင် ပညာသင်ကြားနေသော မမို့မို့ဇော်လင်း(တောင်ငူ)၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၇/တငန(နိုင်)၁၁၀၂၁၇ဖြစ်ပါ သည်။ **ဖခင်-ဦးမင်းဇော်ဦး(တောင်ငူ)**

အမည်ပြောင်း

နောင်ချိုမြို့၊ ဦးတူးနန်၏သား ဘူတာရပ်၊အထကခွဲ ဒုတိယတန်း(က)နေ မောင်ဒွဲဝမ်အားယနေ့မှစ၍ မောင်ဒွဲအောင် ဟုခေါ်ပါရန်။ **မောင်ဒွဲအောင် နောင်ချို**

ဖခင် အမည်မှန်

အထက မြန်အောင် တက္ကသိုလ်ဝင်တန်း D မှ မောင်နိုင်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးရဲညွန့် ၁၄/မအန(နိုင်) ၂၁၅၄၃၇ ဖြစ်ပါသည်။ **ဦးရဲညွန့်**

အမည် ပြောင်း

ဦးဇော်ဇော်မောင်၏သား သာယာဝတီမြို့ အထက (၁)၊ နဝမတန်း (A)မှ မောင်နေလင်းလင်းအား မောင်နေမင်းသူရဟု ပြောင်းလဲခေါ်ဆို ပါရန်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ယာဉ်နံပါတ်မပါသည့်ကားများ ရန်ကုန်မြို့ထဲမောင်းနှင်နေ

ခေတ်ပြောင်း၍စနစ်ပြောင်းလာသည်နှင့်အညီ မော်တော်ယာဉ်အသစ်နှင့် အဟောင်းတစ်ပတ်ရစ်များကို သတ်မှတ်စည်းကမ်းဖြေလျှော့မှုများဖြင့် ပြည်သူများအား နိုင်ငံရပ်ခြားမှတင်သွင်းခွင့်ပြုခဲ့ပြီဖြစ်သည်။ ၁၃၀၀ စီစီအောက်ဖြစ်သော အင်ဂျင်ပါဝါအငယ်စား မော်တော်ယာဉ်များဆိုလျှင် မည်သည့်ထောက်ခံစာမျှမလိုဘဲ နိုင်ငံသားတိုင်းကို သတ်မှတ်စည်းကမ်းဖြင့် နိုင်ငံခြားငွေစာရင်းဖွင့်၍မှာယူတင်သွင်းမှုပြုခဲ့သည်။

အသစ်တင်သွင်းလာသော ကားများကို ဆိပ်ကမ်းမှထုတ်ယူပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)မှ ယာဉ်မှတ်ပုံတင်နံပါတ် မရရှိသေးမီတွင် ဆိပ်ကမ်းမှထုတ်ယူ၍ မိမိတည်ရှိရာနေရာ၊ ကုမ္ပဏီဂိုဒေါင်အရောင်းပြခန်းနေရာများသို့ မောင်းနှင်သွားလာရုံမှအပ ယာဉ်မှတ်ပုံတင်နံပါတ်မတပ်ဆင်ဘဲ မောင်းနှင်သွားလာခွင့်မပြုရန် ကညနနှင့်ယာဉ်စည်းကမ်းထိန်းသိမ်းရေးတို့မှ အသိပေးတားမြစ်ပိတ်ပင်ထားခဲ့သည်။ သို့သော် ယခုအခါ နိုင်ငံခြားတိုင်းပြည်များမှ တင်သွင်းလာသောကားများကို ယာဉ်မှတ်ပုံတင်နံပါတ် မရရှိသေးဘဲ မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်စည်းကမ်းကိုလိုက်နာမှုမရှိတော့ဘဲ ရန်ကုန်မြို့တွင်းအနှံ့လူစည်ကားရာနေရာများ၊ ဈေးများ၊ ရုံးများ၊ ကျောင်းများတွင်သာမက မင်္ဂလာဆောင်ပွဲ၊ အစည်းအဝေးပွဲများ သွားရာတွင်ပါ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ပင်တွေ့မြင်နေရပြီဖြစ်သည်။ ယာဉ်မှတ်ပုံတင်နံပါတ်မပါရှိဘဲ မောင်းနှင်သည့်အကျိုးဆက်မှာ ယာဉ်မတော်တဆဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားပါက ယာဉ်နံပါတ်မပါရှိသဖြင့် မှတ်သားရခက်ခဲကာ ယာဉ်များမှာလည်း အမျိုးအစားတူ၊ အရောင်တူများဖြစ်၍ ရှာဖွေရသည်မှာ အခက်အခဲဖြစ်နိုင်သည်ဟု တာမွေမြို့နယ်မှတက္ကစီယာဉ်မောင်းကို သိန်းနိုင်ကပြောသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးကမူ "တစ်ယောက်တည်းတားဆီးရရင်တော့ မောင်းထွက်ပြေးတယ်။ နံပါတ်မပါတော့ မှတ်သားဖမ်းဆီးလို့မရဘူးလေ။ အဖွဲ့နဲ့ဆိုရင်တော့ သူတို့ထွက်မပြေးဘူး။ ထွက်ပြေးရင်လည်းဆိုင်ကယ်နဲ့နောက်ကလိုက်မှာပဲ၊ တွေ့ရင်ကြုံရင်တော့အရေးယူပါတယ်။ မတွေ့တော့လည်း မတတ်နိုင်ဘူးပေါ့" ဟု သူ့အတွေ့အကြုံကိုပြောပြသည်။ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ် မရှိသေးသောကားကြီးကားငယ်အသွယ်သွယ်ကို ကားအရောင်းပြခန်း၊ ကုမ္ပဏီ၊ ဂိုဒေါင်နေရာမရှိဘဲ အများပြည်သူသွားလမ်းမပေါ်တွင် ကားအရောင်းပြခန်းကြီး အသွင်ထားရှိ ရောင်းချနေသည်မှာလည်း ယာဉ်ကြောပိတ်ဆို့ရခြင်းအကြောင်း တစ်ခုဖြစ်ကြောင်း လမ်းသွားပြည်သူများ၏ စကားသံလည်း ကြားသိနေရသည်။

သတင်း-အောင်သန်း(တောင်ညွန့်)
ဓာတ်ပုံ - ဖိုးသံတုံး

ဗန်းမော်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်း ဖိုလ်လုပွဲများကျင်းပ

ဗန်းမော် ဩဂုတ် ၂

ကချင်ပြည်နယ် ဗန်းမော်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသားနှစ်ယောက်တွဲ ဖိုလ်လုပွဲယှဉ်ပြိုင်ပွဲများကို ဇူလိုင် ၃၁ ရက် ညနေ ၃ နာရီက ဗန်းမော်တက္ကသိုလ်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားနှစ်ယောက်တွဲ ဖိုလ်လုပွဲတွင် ဓာတုဗေဒအသင်းနှင့် သင်္ချာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် သင်္ချာ အသင်းက ပထမဆုရရှိသည်။

ဆက်လက်၍ အမျိုးသားသုံးယောက်တွဲဖိုလ်လုပွဲတွင် ဓာတုဗေဒအသင်းနှင့် သမိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒအသင်းက ပထမဆုရရှိသည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသားနှစ်ယောက်တွဲ ဆုရရှိသော ဘာသာရပ်အသင်းများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် ပါမောက္ခများက အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ ပင့်ထောင်ဆု၊ နောက်တန်းဆုနှင့်ပထမဆုရရှိသော အသင်းများအား ဒိုင်းဆုနှင့် ဂုဏ်ပြုလွှာမှတ်တမ်း၊ ဒုတိယ၊ တတိယဆုရရှိသော အသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်ဆုများ ချီးမြှင့်ပေးကြသည်။

ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာစာ၊ ပထဝီ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ ၊ ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒဘာသာရပ်များမှ စုစုပေါင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

အဖေပြောတဲ့ အင်္ဂလိပ်စာဟာသတွေ

တစ်နေ့တော့ အင်္ဂလိပ်စာသိပ်မတတ်တဲ့ လူတစ်ယောက်ဟာ ရထားနဲ့ ခရီးသွားနေတုန်းမှာ ပြတင်းပေါက်ပေါ် လက်ကလေးတင်၊ ခေါင်းကလေးကို လက်ပေါ်မှေးပြီး လိုက်လာပါတယ်။ ဒီလိုနဲ့ ရထားဟာ ကွေ့ကောက် သွားနေရာကနေ လိုဏ်ဂူတစ်ခုထဲကို ဝင်ခါနီးနေရာရောက်လာပါတယ်။ အဲဒီအချိန်မှာ ရထားပေါ်မှာပါလာတဲ့ ခရီးသည်တစ်ယောက်က အဲဒီလူကို "Look Out"လို့ပြောလိုက်ပါတယ်တဲ့။ အဲဒီတော့ အင်္ဂလိပ်စာမတတ်တဲ့သူဟာ တွေးလိုက်မိတယ်။ "Look"ဆိုတာ ကြည့်တာ၊ "Out"ဆိုတာအပြင်၊ အဲတော့ "Look Out"ဆိုတာ ငါ့ကို ရထားအပြင်ကို ကြည့်ခိုင်းတာပဲ ဆိုပြီးတော့ ရထားပြတင်းပေါက်ကနေ ခေါင်းထုတ်ကြည့်လိုက်တာ ရထားက အရှိန်နဲ့ သွားနေတာဆိုတော့ ခေါင်းတအားပြုလိုက်တဲ့သူဟာ လိုဏ်ဂူနံရံနဲ့တိုက်ပြီး သေပါလေရောတဲ့။ အဖေက ကျွန်တော်တို့ကို အင်္ဂလိပ်စာသင်ရင် အဲလို ပုံတိုပတ်စဟာသလေးတွေနဲ့ပြောလေ့ရှိပါတယ်။

အခု "Look Out" ဟာသကို ပြောပြီးတော့ အဖေက "ဒါဟာ အင်္ဂလိပ်စာနားမလည်လို့သေရတာလေ" လို့ ပြောပါတယ်။

အင်္ဂလိပ်လို "Look Out"လို့ပြောလိုက်တာက "ဂရုစိုက်" လို့အော်လိုက်တာ၊ ဒါပေမယ့် အင်္ဂလိပ်လို "Look Out"ဆိုတာဟာ သတိရှိဖို့ ဂရုစိုက်ဖို့လို့ဆိုတာကို နားမလည်တော့ ဒီလူဟာ တလွဲအဓိပ္ပာယ်ယူဆပြီး ခေါင်းကို အပြင်ကို ထုတ်ကြည့်လိုက်တော့ သေတာပေါ့။

တကယ်တော့ "Look Out"ရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်က Be Vigilant and take notice တဲ့။ ဗီဂျီလင့် Vigilant ဆိုတာက အခက်အခဲတွေ၊ ဒုက္ခတွေ အန္တရာယ် တွေရှိနိုင်တဲ့အခြေအနေမျိုးမှာ ဂရုစိုက်ပြီးနေတာကို ခေါ်တာပါ။ "take notice" ဆိုတာကလည်း ဂရုစိုက်၊ သတိမူတာကို ပြောတာပါ။

ဒါကြောင့် "Look Out"ရဲ့အဓိပ္ပာယ်ဟာ အန္တရာယ်ရှိနိုင်တဲ့အခြေအနေမျိုးမှာ သတိထားပြီး ဂရုစိုက်ပါလို့ ပြောတာပါ။ အပြင်ကို ထွက်ကြည့်ခိုင်းတာ မဟုတ်ပါဘူး။

ဒီနေရာမှာ "Look Out"ဆိုတဲ့အင်္ဂလိပ်စာအသုံးအနှုန်းကို အီဒီယမ် Idiom လို့ ခေါ်ရမှာပါ။ Idiom ဆိုတာ ဂရိ Greek ဘာသာရပ်ကဆင်းသက်လာတာပါ။ ကိုယ်ပိုင်ပစ္စည်းလို့ အဓိပ္ပာယ်ရပါတယ်။ တကယ် Idiom ကို အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင်တော့ A group of words established by usage as having a meaning not deducible from those of the individual words.လို့ဆိုထားတယ်။

အီဒီယမ်ဆိုတာ ဘာလဲလို့ ပြောထားတာကို ရှင်းမပြခင် အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ပါတဲ့အင်္ဂလိပ်စာလုံးတွေရဲ့ အဓိပ္ပာယ်တွေကို ပြောချင်ပါသေးတယ်။ A group of words ဆိုတာက စကားလုံးအုပ်စု တစ်စုပါတဲ့။ အက်စတာဘလစ်(ရှ်) (ဒ်) Established ဆိုတာကတော့ သတ် သတ်မှတ်မှတ် အသိအမှတ်ပြုခံထားရပြီး နေရာရထားတာလို့ ပြောရပါမယ်။ ယူဆိတ်(ချ်) usage ဆိုတာ အသုံးပြုတာ။ ဒီဂျူ(စ်) deduce ဆိုတာက ကောက်ချက်ချပြီး မှတ်ယူတာ၊ ဒီဂျူ(စ်)ဆေးဘဲလ် deducebile ဆိုတော့ မှတ်ယူနိုင်တာ၊ ယူဆလို့ရတာ။ အင်ဒီဗီဂျူဝယ်(လ်) individual ဆိုတာက တစ်ခု၊ တစ်ဦးသီးသန့်။ mean မီင်း(န်) ဆိုတာက ဆိုလိုတာ။ မီးနင်း meaning ဆိုတာက အဓိပ္ပာယ်။ အဲတော့ အီဒီယမ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည့်အစုံဘာသာပြန်လိုက်ရရင် အီဒီယမ်ဆိုတာ စကားလုံးတစ်လုံးချင်းရဲ့ အဓိပ္ပာယ်တွေကို ကောက်နုတ်ယူဆလို့မရတဲ့၊ လူတွေလက်ခံ အသုံးပြုထားတဲ့ စကားလုံးအစု တစ်စုပါလို့ ပြောရပါမယ်။

ဥပမာ Look out ကို စကားလုံးတစ်လုံးစီ အင်ဒီ ဗီဂျူရယ် (individual words) ရဲ့ အဓိပ္ပာယ် look ကြည့်သည်၊ out အပြင်လို့ယူဆပြီး look out ဆိုတာ အပြင်ကိုကြည့်သည်လို့ မှတ်ယူအဓိပ္ပာယ်ဖော် ယူဆလို့ ဒီဂျူ(စ်) deduce လုပ်လို့မရပါဘူး။ look out ကို ဂရုစိုက်၊ သတိပြုဆိုတဲ့ အသုံးယူဆိတ်(ချ်) usage အနေနဲ့ အက်စ်တာဘလစ်ရှစ်ဒ် established လက်ခံလာကြတဲ့အတွက် look out ဟာ အီဒီယမ် idiom တစ်ခုဖြစ်သွားပါတယ်။

အဲလိုပဲ look into ဆိုတာ စုံစမ်းစစ်ဆေးတာ look like ဆိုတာတူတာ၊ look after ဆိုတာ စောင့်ရှောက်တာ၊ look down on ဆိုတာ သူများအပေါ်မှာ အပေါ်စီးနဲ့ ဆက်ဆံတာ။ look for ဆိုတာ ရှာဖွေတာ။ look sharp ဆိုတာ မြန်ဆန်တာ။ look in ဆိုတာ ခဏတဖြုတ်သွားတွေ့တာ။ ပြောရမယ်ဆိုရင်တော့ Look နဲ့ ပတ်သက်တဲ့ အီဒီယမ်တွေက အများကြီးပဲ။ ဒါကြောင့် အီဒီယမ်မသိရင် ဒုက္ခရောက်ပါလိမ့်မယ်။ အကုန်လုံးမဟုတ်တောင် သိသင့်သိထိုက်တဲ့ အီဒီယမ်တွေကိုတော့ သိရမှာပါ။ ဘာလို့လဲဆိုတော့ အင်္ဂလိပ်စာမှာ အီဒီယမ်တွေ အများကြီးသုံးပြီး ပြောကြဆိုကြရေးသားကြတယ်။ ဒါကြောင့် အင်္ဂလိပ်စာ လေ့လာတဲ့သူတွေ အသုံးများတဲ့ အီဒီယမ်လေးတွေကို ကြိုးစားလေ့လာကြပါလို့ ပြောလိုက်ချင်ပါတယ်။

ပါမောက္ခခင်မောင်ဝင်း(အသည်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊ လူနေရပ်ကွက်အမှတ်၄၊ မြေကွက်အမှတ်၉၆/က၊ အကျယ်အဝန်းပေ(၂၀×၆၀)၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြို့မ ၁၃လမ်းအရှေ့၊ ၄/မြောက်ရပ်ကွက်၊ အမှတ်(၉၆/က)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူသည် အမည်ပေါက်ဒေါ်စန်းရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနိုင်နိုင်ဦး ၁၂/သဃက(နိုင်)၁၅၁၂၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခိုင်ငြိမ်းအောင် LL.B, LLM(International Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)
အမှတ်(၆၈၁)၊ ဝေဇယန္တာ ၁၅လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၀၇၇၃၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၀၆/က၊ အကျယ်အဝန်းပေ(၂၀×၆၀) နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မအရှေ့(၁၁)လမ်း၊ အမှတ်၉၀၆/က ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ အမည်ပေါက်မိခင် ဒေါ်ခင်မှီ၏ တစ်ဦးတည်းသောသမီး ဒေါ်သျှင်စာရီ ၁၂/ဥကတ(နိုင်)၀၂၇၄၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခိုင်ငြိမ်းအောင်(LL.B, LL.M)(International Law)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)
အမှတ် (၆၈၁)၊ ဝေဇယန္တာအနောက်၊ ၁၅ လမ်း၊ ၆/အနောက်ရပ်ကွက်။ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၀၀၇၇၃၁၅

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၆/က)၊ မြေကွက် တည်နေရာအမှတ်(၆/က)၊ ရွှေသပြေလမ်း၊ ၅၄ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ဦးတင်ငြိမ်း ၁၂/ရကန(နိုင်)၀၅၁၉၈၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးတင်ငြိမ်း ကွယ်လွန်သဖြင့် ဒေါ်မမလေး ၁၂/ရကန(နိုင်)၀၅၃၄၄၉က တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၄၃၂)၊ မြေကွက်တည်နေရာအမှတ်(၄၃၂) ၄၇ရပ်ကွက်၊ ဒဂုံမြို့ သစ်မြောက်ပိုင်းမြို့နယ် (ဒေါ်သန်းဌေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်သန်းဌေးထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်နန္ဒအေး ၁၂/စခန(နိုင်)၀၀၂၃၆၈က ဝယ်ယူ၍ ပြစ်မှုကြီးအမှတ်-၈၄၉/ ၁၁(၃-၃-၁၄)၏ အနိုင်ဒီကရီတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၅၊ မြေကွက်အမှတ်(၇၁၃/ခ)၊ မြေအမည်ပေါက် ဒေါ်နုနုခင် ၁၂/သဃက(နိုင်)၀၀၉၄၂၀က မြေချစလစ် ပျောက်ဆုံးနေပြီး မြေပါမစ်ထုတ်ယူရခြင်း မရှိသေးပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၆)**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၂၂၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၂၀/ခ)၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဦးသန်းဌေး)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းဌေး ကွယ်လွန်သဖြင့် ဒေါ်ထွေးလှ၁၂/ဥကတ(နိုင်)၀၅၆၅၇၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၁၄၀၇(၁၄-၅-၁၄)တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၄/မြောက်၊ မြေကွက်အမှတ် ၇၅/ခ၊ မြေကွက်တည်နေရာ အမှတ် ၇၅/ခ၊ မြို့မ ၁၄ လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမိုဟာမက်ကော်ဘင်) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမိုဟာမက်ကော်ဘင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဘူဒီ CJ-၀၄၇၉၃၂ ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၂၅/၂၀၁၄)ရသူ ဦးသန်းထိုက် ၁၂/မဂတ (နိုင်)၀၉၁၂၆၈နှင့် သမီး ဒေါ်ဆိုက်ဒါဘေခန် ၁၂/သကတ(နိုင်)၁၃၉၉၅၉ တို့မှ ပူးတွဲ၍ သေစာရင်း၊ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊မြေကွက်အမှတ်၁၂၄၊ မြေကွက် တည်နေရာအမှတ် ၁၂၄၊ ၁၃ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမျိုးအောင် အမည်ပေါက်နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဦးမျိုးအောင် ၈/ပခက(နိုင်)၀၃၃၃၁၀မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ် ၅၁၂/၁၉၉၅၊ ၇-၂-၁၉၉၆ ရက်စွဲဖြင့် ထုတ်ပေးထားသည့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)အား မြေစာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်း

မကွေးမြို့နယ် ကျေးရွာအချို့တွင် မိုးရွာသွန်းမှုနည်းပါး ဆီထွက်သီးနှံနှမ်းများ အောင်ရေရလိုအပ်

မကွေး ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တောင်တွင်းကြီး လမ်းမပေါ်ရှိ နွားကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ဒေသတွင် ယခုနှစ် မိုးရာသီ မိုးရွာသွန်းမှု နည်းပါးလျက်ရှိရာ ဆီထွက်သီးနှံ နှမ်းများရိတ်သိမ်းချိန်နီးလာ သော်လည်း နှမ်းလုံးများ အဆန်ထည့်ရန် အောင်မိုးလိုနေသောကြောင့် အဆိုပါရွာရှိ ဆရာတော်၊ သံဃာတော်များက မိုးရွာသွန်းစေရန် ပရိတ်တရားတော်ကို ရွတ်ဖတ် ချီးမြှင့်ပေးကြပြီး ရွာသူ ရွာသားများက နာယူကြကြောင်း သိရသည်။

အဆိုပါ ပရိတ်တရားတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီတို့တွင် တစ်နေ့လျှင် သုံးကြိမ် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယခုနှစ်တွင် မိုးဦးအဝင် နောက်ကျကာ မိုးရွာသွန်းမှု နည်းပါးသောကြောင့် နွားကူးကျေးရွာတစ်ရွာလုံး အသုံးပြုနေသော ရေကန်ကြီးတွင်လည်း ရေဝင်ရောက်မှု နည်းပါးလျက်ရှိကြောင်း သိရသည်။ **ဓာဓာ(မကွေး)**

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား / အမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

မြိတ် ဩဂုတ် ၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး စစ်တုရင် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီက မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချို၊ တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ စီမံ/ဘဏ္ဍာဌာနမှ ဌာနတာဝန်ရှိသူများ၊ မော်ကွန်းထိန်းများနှင့် မြိတ်ခရိုင် အား/ကာမှ ဒိုင်လူကြီးများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ကြသည်။

ပေးအပ်

အဆိုပါ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပထမဆုရရှိသော ဓာတုဗေဒဘာသာရပ်မှ မောင်ဇင်သူဝင်းအား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုကလည်းကောင်း၊ ဒုတိယဆုရရှိသော ဓာတုဗေဒဘာသာရပ်မှ မောင်မောင်ဦးအား မြိတ်တက္ကသိုလ် သမိုင်းပါမောက္ခဌာနမှူး ဒေါက်တာဒေါ်ခင်ခင်ဌေးက လည်းကောင်း၊ တတိယဆုရရှိသော သင်္ချာဘာသာရပ်မှ မောင်ထူးရဲလွင်အား မြိတ်တက္ကသိုလ်မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်ခင်ခင်ယုတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

တောင်ကုတ်ကောလိပ်၌ ကြက်ခြေနီအခြေခံသင်တန်းဖွင့်

တောင်ကုတ် ဩဂုတ် ၂

လူငယ်များကိုယ်တိုင် ပါဝင်ဦးဆောင်သော ကြက်ခြေနီလှုပ်ရှားမှု ကရုဏာလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဘေးဒုက္ခကျရောက်သူများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်သူများအား အကူအညီပေးရန်နှင့် ကြက်ခြေနီလှုပ်ရှားမှုများတွင် တက္ကသိုလ် ကြက်ခြေနီအသင်းဝင်များ၏ ဦးဆောင်ပါဝင် လှုပ်ရှားမှုတို့ကို အားပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တောင်ကုတ်ကောလိပ်၏ ၂၀၁၄ ပညာသင်နှစ် ပထမအကြိမ် ကြက်ခြေနီသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက တောင်ကုတ်ကောလိပ် အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ကျောင်းအုပ်ကြီး ဒေါက်တာ သာထွန်းမောင်နှင့် ကထိကများ၊ နည်းပြ ဆရာ ဆရာမများ၊ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး ရဲမှူးတင်အောင်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့အခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံကိန်း ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးစည်သူနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး တိုးမြှင့်ဆောင်ရွက်

မူဆယ် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် ယာဉ်/လမ်း အသုံးပြုသူများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဇူလိုင် ၁၈ ရက်မှ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ပြီး နေ့ပိုင်းတွင် လူစည်ကားရာနေရာများ၌ ရွှေ့ပြောင်း၍ စည်းကမ်းပျက်ယာဉ်များကို ဖမ်းဆီးခြင်း ဆောင်ရွက်လျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောပြီး သိရှိကြောင်း လက်မှတ်ရေးထိုးစေခြင်း၊ ညပိုင်းတွင် မူဆယ်မြို့ပေါ် ကိုးရပ်ကွက်သို့ ဇူလိုင် ၂၂ ရက် မှ ဩဂုတ် ၁၈ ရက်အထိ အလှည့်ကျလှည့်လည်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့နည်းပပျောက်ရေးကို တစ်ပါတည်း ပညာပေးဟောပြောခြင်း၊ ပြည်သူ့ဗဟိုပြု သတင်းပေးစနစ်ဖြင့် ဆောင်ရွက်ကြမည်ဖြစ်သည်။ ဩဂုတ် ၁ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူ ယာဉ်မောင်းများအား တိတိကျကျအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ပြောကြားခဲ့သည်။

အယ်လ်စိုး(iprd)

မော်တော်ယာဉ်၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် နေ့ချင်းပြီးဆောင်ရွက်ပေး

စလင်း ဩဂုတ် ၂

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက စတင်ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်ချက်ကို မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဒေါ်ခင်သန္တာညွှန့် ဦးဆောင်သောအဖွဲ့က သက်တမ်းတိုးခြင်းလုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ် ကိုးစီး၊ မော်တော်ဆိုင်ကယ်အစီး ၃၅၀၊ ယာဉ်မောင်းလိုင်စင် ၁၅၀ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင် ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ် (တောင်ကြီး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ် (တောင်ကြီး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(၁) ကုလားထိုင် (လက်တန်းပါ) ၁၀ လုံး

(၂) အရာရှိစားပွဲ (၅'×၃'×၂.၅') ၁၀ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ် (ငွေစာရင်းဌာန)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၄-၈-၂၀၁၄ ရက်၊ ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ် (တောင်ကြီး)

ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၉-၄၂၈၃၃၅၄၁၈၊ ၀၈၁-၂၁၂၇၆၇၆

ဖောင်းကြွပျောက်ဆုံးခြင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၆၄၉၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်ဆုံးခြင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၃၈၁၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

စက်သုံးဆီဆိုင်ရောင်းမည်

ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး နေပြည်တော်နှင့် တပ်ကုန်းကြားအတွင်းရှိ လက်ရှိရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်အား လက်လွှဲ ရောင်းချလိုပါသည်။

ပွဲစားမလိုပါ

ဆက်သွယ်ရန် ဖုန်း-၀၉-၅၄၁၇၇၇၁၊ ၀၉-၃၁၅၉၂၇၇၃

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီး နှင့်ပြည်နယ် အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် Crawler Crane (110 -150 Tons) (With Jib Boom)(၁)စီးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

Sr.No	Description	Qty	Country of Origin	Remarks
1.	Crawler Crane (110-150 Tons) (With Jib Boom)	1 Unit	Japan	DDP, US$

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၄-၈-၂၀၁၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်** -၁၅-၈-၂၀၁၄ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** -၁၆:၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောက်လုပ်မည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရမည်းသင်းမြို့၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဆောက်လုပ်ခြင်းနှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းအတွက် စိတ်ဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ၂၉-၈-၂၀၁၄ ရက် ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအသေးစိတ်ကို မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်း-၀၂-၆၀၄၁၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၂၆၂၁ Honda Wave NF 100 R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားမီ ၁၃/ကတန (နိုင်)၀၈၇၀၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၅၉၃၈၃ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဆာပလဲရှီး ၃/မဝတ(နိုင်)၀၇၅၂၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေ အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မြဝတီမြို့

မွေးသက္ကရာဇ် အမှန်

ဦးစိုးပိုင်၏သမီး ကျိုင်းတုံမြို့၊ အလက(၄)၊ ပဋ္ဌမတန်းမှ မယွန်းပြည့်ပြည့်အေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၂၀၀၃ ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မုံရွာ–ပုလဲ–ဂန့်ဂေါ ကားလမ်း ထပ်ပိုးလွှာခင်း အဆင့်မြှင့်တင်

ပုလဲ ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မုံရွာ- ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင် (၂၈) နှင့် (၃၂) ကြားရှိ ၁၂ ပေ အကျယ် ကတ္တရာလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၂၈၁ သန်းကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လင်းက " မုံရွာ -ပုလဲ-ဂန့်ဂေါကားလမ်းဟာ ချင်းပြည်နယ်နဲ့ မြန်မာပြည် အလယ်ပိုင်းအတွက် အချက်အချာကျတဲ့လမ်းပိုင်းဖြစ်ပါတယ်။ အရင်ကလမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ခရီးသွား ပြည်သူများ သွားလာရာမှာ အဆင်ပြေချောမွေ့မှုမရှိခဲ့ပေမယ့် အခုဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ လမ်းအထူးအဖွဲ့တွေက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါပြီ" ဟု ပြောသည်။

မုံရွာ-ပုလဲ-ဂန့်ဂေါ ကားလမ်းသည် မုံရွာမြို့နှင့် ဂန့်ဂေါမြို့ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများ အားကိုးအားထားပြုနေရသည့် လမ်းမကြီးဖြစ်သည်။ မုံရွာ-ပုလဲ-ဂန့်ဂေါ ကားလမ်း အဆင့်မြှင့်တင်မှုတွင် ကျောက်ထပ်ပိုးလွှာတင်၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာလမ်း တစ်ဖက်တစ်ချက်တွင် လေးပေအကျယ်ထု ကိုးလက်မရှိ အမာခံလမ်း ပခုံးခင်းကြိတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

မိတ္ထီလာဘူတာ သန့်ရှင်းလှပရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေစေရေးဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး တိုင်းအမှတ် (၁၁) မြန်မာ့မီးရထားလုပ်ငန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင် မိတ္ထီလာဘူတာကြီး သန့်ရှင်းလှပရေးနှင့် ခရီးသွားပြည်သူများ ခရီးစဉ်ချောမွေ့ အဆင်ပြေစေရေးအတွက် မီးရထားဝန်ထမ်းများက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာဘူတာရုံကြီး ဉပဓိရုပ်ကောင်းမွန်စေဖို့ အတွက် ဘူတာရုံအဆောက်အုံ၊ မီးရထားခုံးကျော်တံတားတွေကို ဆေးအသစ်သုတ်ခြင်း၊ ဘူတာရုံ သံတံခါးအသစ် တပ်ဆင်ခြင်းတွေအပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်နေပါတယ်"ဟု ဘူတာရုံဝန်ထမ်းတစ်ဦးက ပြောသည်။

သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍လည်း "မိတ္ထီလာဘူတာရုံ ဉပဓိရုပ်ကောင်းမွန်စေရေးအပြင် ခရီးသွားပြည်သူတွေ ခရီးစဉ်အဆင်ပြေ ချောမွေ့စေရေးကိုလည်း ဂရုစိုက်ဆောင်ရွက် ဖြည့်ဆည်းပေးနေပါတယ်။ မီးရထားလက်မှတ် ဖြတ်တဲ့နေရာမှာလည်း သတ်မှတ်နှုန်းထားထက်ပိုပြီးတော့ ပေးဆောင်ဝယ်ယူရရင် ချက်ချင်းတိုင်ကြားနိုင်ကြောင်းကို ဘူတာရုံထဲမှာ တိုင်ကြားရမယ့် ဖုန်းနံပါတ်နဲ့အတူ ကြေညာပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မိတ္ထီလာဘူတာသည် ခရီးသည်များပြား စည်ကားသော ဘူတာတစ်ခုဖြစ်ပြီး မိတ္ထီလာဘူတာတွင် နံနက် ၇ နာရီ ၌ သာစည်မှမြင်းခြံသို့ စာပို့ရထားတစ်စီးထွက်ခွာပြီး ညနေ ၅ နာရီခွဲမှ ၆ နာရီအတွင်း မြင်းခြံ-သာစည် စာပို့ရထားပြန်လည်ဆိုက်ရောက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မသန်စွမ်းသူများအား အထောက်အကူပြု ကိရိယာများ ထောက်ပံ့

မိုးမောက် ဩဂုတ် ၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး တည်ငြိမ်အေးချမ်း၍ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေးဟောပြောပွဲနှင့် မသန်စွမ်းအထောက်အကူပြု ကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ မြို့နယ်ဉက္ကဋ္ဌ ဦးဆွတ်နောင်က Peace Awareness Talking အကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ စာရေးဆရာထက်အောင်(ဗန်းမော်)က စိတ်ဓာတ်မြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ ထို့နောက် မသန်စွမ်းအထောက်အကူပြုကိရိယာများဖြစ်သည့် ချိုင်းထောက် ခုနစ်စုံ၊ ဝှီးချဲတစ်စီးနှင့် ပညာသင်ကြားလျက်ရှိသည့် မသန်စွမ်းအသင်းဝင်ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချစိုက်ပျိုးနည်းသရုပ်ပြ

ရမည်းသင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စု အင်ကြင်းကန်ကျေးရွာရှိ တောင်သူဦးကျော်ရွှေ၏ ကွင်းအမှတ် (၁၁၁၄/၁၅)တွင် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ဧက ၂၀ စံပြကွက်စိုက်ပျိုးရန် စုပေါင်းမျိုးစေ့ချပျိုးထောင်ပွဲကို ဇူလိုင် ၃၁ ရက်က ပြုလုပ်သည်။

စံပြကွက် မျိုးစေ့ချပျိုးထောင်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ထမ်းများနှင့် တောင်သူများက GAP စနစ်ဖြင့် စပါးမျိုးစေ့ချခြင်းကို လက်တွေ့သရုပ်ပြသကြရာ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြသည်။

စုပေါင်းမျိုးစေ့ချပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေး အတွက် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ စိုက်ပျိုးရေး ပညာပေးဆွေးနွေးခြင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက တစ်ဧကအထွက်နှုန်း တိုးတက်ရေး မျိုးကောင်းမျိုးသန့်စပါးနှင့် ပုလဲသွယ် အထူးအထွက်တိုးစပါးများ တိုးချဲ့စိုက်ပျိုးရေးစသည်တို့ကို ဟောပြောခဲ့သည်။

တင်ဦး(ရမည်းသင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် Equipment and Testing Instruments for Substation Maintenance များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၃-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

(၁၁)နှစ်မြောက် မင်္ဂလာဆုတောင်း

တူလေး မောင်ဇော်မောင်မောင်ထွဋ် B.Sc (Chem;) (ခေတ္တမလေးရှား)-တူမလေးမဝင်းထက်ထက်ဦး B.Sc(Math;) (ခေတ္တမလေးရှား)တို့၏ ၃-၈-၂၀၁၄ ရက်တွင် ကျရောက်သော (၁၁)နှစ်မြောက် မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့သော ဘဝတစ်ခုကို စိတ်တူကိုယ်တူ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဦးလေးဦးနိုင်ထွန်း + အန်တီငယ်
ညီမလေးအိမ့်မြတ် + လွှမ်းရိပ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က ပေါ်ရှိ-
(က) မြေကွက်အမှတ် ၈၉၊ ဧရိယာ ၀ ဒသမ ၁၃၈ဧက၊ နှစ် ၆၀ ဂရန်မြေ
အမည်ပေါက်-ဒေါ်ခင်ခင်မြင့် ၁၂/ဗတထ(နိုင်)၀၃၁၄၉၃
(ခ) မြေကွက်အမှတ် ၈၉၅-A၊ ဧရိယာ ၀ ဒသမ ၁၁၁ဧက၊ နှစ် ၆၀ ဂရန်မြေ
အမည်ပေါက် -ဒေါ်ခင်ခင်မြင့် ၁၂/ဗတထ(နိုင်)၀၃၁၄၉၃
(ဂ) မြေကွက်အမှတ်-၉၀/ဃ၊ ဧရိယာ ၀ ဒသမ ၀၈၀ဧက၊ မြေပိုင်မြေ (၃/ခ)
အမည်ပေါက်-ဦးသိန်းဇံ ၁၂/ကမရ(နိုင်)၀၀၂၄၃၂

မြေကွက်သုံးကွက် အကျိုးခံစားခွင့်တို့အား မိမိကိုယ်တိုင်အမည်ပေါက်နှင့်ဒေါ်ခင်ခင်မြင့် ၁၂/ဗတထ(နိုင်)၀၃၁၄၉၃ ၏ မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၆၄၆၃/၂၀၁၂ (၂၃-၃-၂၀၁၂)နှင့် ၆၄၆၂/၂၀၁၂(၂၃-၃-၂၀၁၂)တို့အရ လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးသိန်းဇံ ၁၂/ကမရ(နိုင်)၀၀၂၄၃၂ မှ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/D၊ မြေကွက်အမှတ် ၅/ခ၊ မြေကွက်တည်နေရာအမှတ် ၅(ခ)၊ မင်းကြီးလမ်း၊ အင်းစိန်အစိုးရ DO-$\frac{5\frac{V}{4}}{38.39}$ အရ ဂရန်မလဲ၍ သိမ်း Do $\frac{332}{34.40}$ RA အရ သိမ်းအမည်ပေါက် L မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ကြူကြူ ၆/မအရ(နိုင်)၀၂၄၇၀၀က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၉၅၇၊ မြေကွက်တည်နေရာအမှတ် ၉၅၇၊ ခေတ္တာလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးကံလှ N/KGN -၀၀၅၈၇၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကံလှ N/KGN-၀၀၅၈၇၆ ကွယ်လွန်သဖြင့် ဒေါ်မြစိန် ၁၂/တမန(နိုင်)၀၄၁၇၅၉က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၂၀၀၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၆၄၃၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၅၉၅၆၊ (8A/5956) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြား
ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၇က/၃၈၅၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဒီပဲယင်းမြို့နယ်တွင် အလကကျောင်းခွဲများ အဆင့်တိုးမြှင့်ဖွင့်လှစ်

ဒီပဲယင်း ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်ရှိ အင်ဘုတ်-ဝန်းရံကျေးရွာနှင့် သရက်ကျင်းကျေးရွာများတွင် အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းခွဲများအဖြစ် အဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အင်ဘုတ်- ဝန်းရံကျေးရွာကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်သည့် ဆိုင်းဘုတ်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးစိန်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ပညာရေးမှူး ဦးကြည်က အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး သရက်ကျင်းကျေးရွာကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို သရက်ကျင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ တာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်နိုင်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယခုလို အခြေခံပညာအလယ်တန်းကျောင်းခွဲများ ဖွင့်လှစ်ပေးသဖြင့် ကျောင်းသားများသည် မိမိတို့ဒေသ၌ပင် အဋ္ဌမတန်းအထိပညာရေးကို ဆက်လက် သင်ကြားနိုင်တော့မည်ဖြစ်ရာ ယခင်က စီးပွားရေးအဆင်မပြေသဖြင့် မြို့ကျောင်းများသို့ မထားနိုင်၍ ကျောင်းနုတ်ခဲ့ရသော ကျောင်းသားများအတွက် များစွာအဆင်ပြေလာကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အောင်လင်း(iprd)

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဗားမဲ့ဆရာတော်ကြီးတည်ထားကိုးကွယ်တော်မူခဲ့သော ရတနာမာန်အောင် စေတီတော်မြတ်ကြီးနှင့် တဝဂူဘုရားကြီးတွင် ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲကြီး သုံးရက်တိုင် ပူဇော်ကျင်းပသည်။

ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ပဋ္ဌာန်းပူဇော်ကြသော သံဃာတော် ၁၈ပါးတို့မှ ဆောင်ရွက်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တတိယအကြိမ် ဗားမဲ့တဝဂူဘုရားကြီး၏ ဝေယျာဝစ္စအဖွဲ့မှ ဝါဆိုသင်္ကန်းများအား အလှူရှင်များမှကိုယ်တိုင် ကိုယ်ကျဆက်ကပ်လှူဒါန်းကြရာ စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးထေရဝံသာ ဘိဝံသအားအမျူးထား၍ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချတရားတော်မြတ်ကို နာယူကြ၍ ပဋ္ဌာန်းပူဇော်သံဃာတော်များအား နံနက်ဆွမ်းနှင့်ချိုချဉ်ခဲဖွယ်စုံလင်စွာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(၀၀၇)**

မကွေးမြို့နယ် နတ်ကန်ကျေးရွာအုပ်စုနှင့် ကျစ်စုံပွေးကျေးရွာအုပ်စုများတွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၂၇ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ရာ မကွေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဇော်ရာက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ ၁၄၂ ဦးအား ကတ်ပြားများထုတ်ပေးစဉ်။

ဇေယျတု(မကွေး)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သတင်းတိုများ

တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာ အောင်မြင်သူများအား ဂုဏ်ပြု

ဖလမ်းခရိုင် ဖလမ်းမြို့၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူမိန်းကလေးများအား ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲကို ဇူလိုင် ၂၉ ရက်က ဖလမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဖလမ်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အမှာစကားပြောကြားပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့သည့် သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေး

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မိတ္ထီလာစီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါ်စန်းစန်းတင့်က ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရနှင့်ပတ်သက်၍လည်းကောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာလင်းနို့သုတေသန အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနနှင့် အရှေ့တောင်အာရှလင်းနို့သုတေသနအဖွဲ့ SEABCRU တို့ ပူးပေါင်းကျင်းပမည့် မန္တလေးတက္ကသိုလ် နိုင်ငံတကာလင်းနို့သုတေသန အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတက္ကသိုလ်တွင် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကာ အင်္ဂလန်၊ အမေရိကန်၊ အိုင်ယာလန်၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ နိုင်ငံခြားပညာရှင်များနှင့် ပြည်တွင်းတက္ကသိုလ်များရှိ လင်းနို့ပညာရှင်များက လက်တွေ့လုပ်ဆောင်မှုများ ပြုလုပ်ကြမည်ဖြစ်ပြီး မန္တလေးမြို့ပတ်ဝန်းကျင်ရှိ လင်းနို့များကို ရှာဖွေသုတေသနလုပ်ခြင်းများလည်း ဆောင်ရွက်မည်ဟု သိရသည်။ **အောင်ကျော်ထိုက်**

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် လေးရာပြည့်ကျေးရွာတွင် ဇူလိုင် ၂၀ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ် ရှစ်လုံးမှ မိသားစုများအား ရေစကြိုမြို့နယ် ကြက်ခြေနီအသင်းက ကူညီပံ့ပိုးရေးပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စုများအား အိမ်ထောင်စုတစ်ခုလျှင် ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများကို မြို့နယ်ကြက်ခြေနီအသင်းကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက မီးဘေးသင့်ပြည်သူတစ်ဦးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

National Survey on Prevalance of Diabetes and Non-Communicable Diseases in Myanmar အတွက်လျှောက်လွှာခေါ်ယူခြင်း

လိုအပ်ချက်များ

၁။ ဆရာဝန်ဖြစ်ရမည်။
၂။ ကွင်းဆင်းလေ့လာခြင်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ (သို့)ကွင်းဆင်းလေ့လာခြင်း အတွေ့အကြုံရလိုသူ ဖြစ်ရမည်။
၃။ စေလွှတ်ရာ တိုင်း/ဒေသ/မြို့နယ်/ကျေးရွာများသို့ သွားလာနိုင်သူဖြစ်ရမည်။
၄။ ညအိပ်ခရီးသွားလာနိုင်သူဖြစ်ရမည်။

အကျိုးခံစားခွင့်များ

၁။ ကွင်းဆင်းစစ်တမ်းကောက်ရာတွင် ကုန်ကျမည့် စားစရိတ်၊ ခရီးစရိတ် နေထိုင်စရိတ်များအား ထောက်ပံ့မည်။
၂။ ကွင်းဆင်းလေ့လာခြင်းဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများ မြောက်မြားစွာရရှိမည်။
၃။ မြန်မာနိုင်ငံ NCD Project နှင့် Diabetes Project တို့မှ အသိအမှတ်ပြုသော လက်မှတ်ရရှိမည်။
၄။ ကူးစက်မဟုတ်သော ရောဂါများကို ကာကွယ်ထိန်းသိမ်းရန် အသုံးဝင်သော တစ်နိုင်ငံလုံးဆိုင်ရာ စစ်တမ်းကောက်ယူမှုကြီးတွင် ပါဝင်ကြောင်း အသိအမှတ်ပြုခြင်း ခံရမည်။

သင်တန်းကာလ - ၁၁-၈-၂၀၁၄ မှ ၁၅-၈-၂၀၁၄
ကွင်းဆင်းကာလ - ၂လ-၃လ

ဆက်သွယ်ရန်ဖုန်း
ဒေါက်တာကျော်မြင့်မြတ်သိန်း
၀၉-၄၃၀၆၈၀၅၀၊ ၀၁-၉၆၉၉၈၅၃

လျှောက်လွှာဖောင်ထုတ်ယူရန်နေရာ
ပါမောက္ခချုပ်ရုံးခန်း၊ ဆီးချိုသွေးချိုစီမံချက်ဌာန
ဆေးတက္ကသိုလ်(၂)ရန်ကုန်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်

ထားဝယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ထားဝယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလုံမြို့နယ်၊ အလုံလမ်းရှိ ဇမ္ဗူရတနာကျောင်း တိုက်၌ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို အသင်းတိုက်တွင် လာရောက်လှူဒါန်းနိုင်ပါသည်။)

အမှုဆောင်ကော်မတီ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၅)သူငယ်ချင်းများသို့

တို့တစ်တွေရဲ့ ကျောင်းဆင်း(၁၈)နှစ်မြောက်အထိမ်းအမှတ်အဖြစ် ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများအားရည်စူး၍ ဝါဆိုသင်္ကန်းကပ်၊ ဆွမ်းကျွေးတရားနာခြင်း၊ ထူးချွန်သားသမီးများအားဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ မိသားစုများ (ကျဆုံး/သေဆုံးမိသားစုများအပါ) တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ။)

ဝါဆိုသင်္ကန်းကပ်နှင့် ဆွမ်းကျွေး/ပညာထူးချွန်ဆုပေးပွဲအစီအစဉ်

(၁) ၂၃-၈-၂၀၁၄ရက် (စနေနေ့) (၁၀:၀၀) နာရီ
(၂) ဖြူးကုန်းတောရစာသင်တိုက် (မင်းဓမ္မကုန်း ကျောက်တော်ကြီးဘုရားနှင့် ဆင်ဖြူတော်ဥယျာဉ်အနီး)

မိတ်ဆုံညစာစားပွဲအစီအစဉ်

(၁) ၂၃-၈-၂၀၁၄ရက် (စနေနေ့) (၁၉:၀၀) နာရီ
(၂) ရွှေဘဲစားသောက်ဆိုင်၊ (၈) မိုင်လမ်းဆုံ

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူး(၁)ဘာသာနှင့်အထက် သားသမီးများ အမည်စာရင်းအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါရန်-

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

(၁)	စန်းမောင်	ဖုန်း-၀၉-၂၅၀၆၄၆၆၀၈	(၂)	ရဲမင်းထွဋ်	ဖုန်း-၀၉-၄၂၅၀၀၂၉၂၃
(၃)	မိုးစိုး	ဖုန်း-၀၉-၃၁၁၁၆၃၅၈၊	(၄)	တင်ရွှေဦး	ဖုန်း-၀၉-၄၂၁၀၇၀၇၄၁၊
(၅)	မင်းသီရိ	ဖုန်း-၀၉-၄၂၁၀၁၅၉၆၆၊	(၆)	မြင့်လွင်	ဖုန်း-၀၉-၃၀၁၆၀၉၅၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ခ/၄၁၉၀ Shan Star ယာဉ်လက်ဝယ်ရှိသူ ဦးခင်လွင် ၁၃/ကတန(နိုင်)၀၀၀၆၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၃၂၃၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က-ည-န၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဧ/၈၈၅၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က-ည-န၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4358 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က-ည-န၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း

ပခုက္ကူမြို့၊ ရွှေချောင်းကွက်သစ်၊ ရွှေအင်ကြင်းလမ်း၊ ဦးမာထွန်းဦး-ဒေါ်နီနီဝင်း၏ သမီး ပခုက္ကူမြို့လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မလင်းလက်ဖြိုးဦး အားယနေ့မှစ၍ မနှင်းလဲ့ဝတီဦးဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7584 Mazda Titan SYF 6T-L/T ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခိုင် ၇/ကဝန(နိုင်)၁၀၈၈၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ကျော်လင်းထွန်း ၁၁/မပတ(နိုင်)၀၄၅၀၃၅ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၄၉၆၆၂၈၆**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်သင်တန်းသားများ ကွင်းဆင်းလေ့လာ

စဉ့်ကိုင် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်နှင့် သဘာဝဘေး ကာကွယ်ရေး အသိပညာများ ပြည့်စုံနေစေရန်ရည်ရွယ်ဖွင့်လှစ်လျက်ရှိသော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများသည် စဉ့်ကိုင်မြို့နယ်အတွင်း သဘာဝဘေးအဖြစ်အများဆုံးနှင့် ဆုံးရှုံးမှုအများဆုံးဖြစ်သည့် ထန်းတောကျေးရွာသို့ ဇူလိုင် ၃၁ရက်က ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

ကွင်းဆင်းလေ့လာရေး အဖွဲ့ဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေး ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများက ကျေးရွာ၏ အချက်အလက်များနှင့် သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ထန်းတောကျေးရွာ သာရလင်္ကာရ ဘုန်းကြီးကျောင်းတွင် ရှင်းလင်းဟောပြောပြီး ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များက ကျေးရွာအတွင်း မြေမျက်နှာသွင်ပြင်အနေအထား၊ နှစ်စဉ်ရေကြီးမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများနှင့် ရေကြီးမှုဖြစ်ပေါ်သည့် ပန်းလောင်မြစ်တို့ကို လက်တွေ့ကွင်းဆင်းလေ့လာကြသည်။

လေ့လာရေးအဖွဲ့ဝင်များ အနေဖြင့် လေ့လာတွေ့ရှိချက်များကို သင်တန်းပြီးဆုံးသည့်နေ့တွင် ပြန်လည်ဆွေးနွေးရမည်ဖြစ်ပြီး တွေ့ရှိချက်များ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

"သဘာဝဘေးအန္တရာယ် လျော့ပါးဖို့ဆိုရင် ပြည်သူတစ်ရပ်လုံး ပါဝင်မှုဖြစ်တာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့အချိန် သဘာဝဘေးဖြစ်ပေါ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ အဟန့်အတားဖြစ်ကုန်တယ်၊ သဘာဝဘေးလျော့ပါးဖို့ ပြည်သူလူထုမှာ အသိပညာရှိမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ၊ သိသင့်သိထိုက်တဲ့ သဘာဝဘေး ကာကွယ်ရေးပညာတွေကို သိရှိနိုင်အောင်လို့ပါ"ဟု မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းထွဋ်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်သင်တန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (၁၁)ကြိမ် ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် နှစ်ကြိမ် ဖွင့်လှစ်ကာ ယခုဒုတိယအကြိမ်တွင် မန္တလေးခရိုင်မှ သင်တန်းသား ၃၅ ဦးနှင့် ကျောက်ဆည်ခရိုင်မှ ၂၅ ဦးကို သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပခုက္ကူတက္ကသိုလ်၌ ပညာပေးဟောပြော

ပခုက္ကူ ဩဂုတ် ၂

ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ လူကုန်ကူးမှုအန္တရာယ်ပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းလိုက်နာရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့(ပခုက္ကူ)မှ ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုကိုကြီးနှင့် ကထိက၊ နည်းပြ ဌာနမှူးများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်ဝေဝေနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွေး၊ အမှတ်(၂) ယာဉ်ထိန်းတပ်စိတ်မှူးရဲအုပ်စိုးမြင့်ထွေး၊ နှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဒုတိယပါမောက္ခချုပ်ဒေါက်တာကိုကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်းအကျဉ်း၊ ရဲတပ်ဖွဲ့၏ဆောင်ရွက်မှုနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွေးက မူယစ်ဆေးဝါးအကြောင်းကိုလည်းကောင်း၊ ရဲအုပ်စိုးမြင့်ထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ကျောင်းသား ကျောင်းသူများ စည်းကမ်းလိုက်နာဆောင်ရွက်ရန်လက်ကမ်းစာစောင်များ ဝေငှပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ ဒုရဲအုပ်ကျော်ဆန်းက ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

သံဖြူဇရပ်မူလတန်းကျောင်းသို့ စာသင်ဆောင်သစ်နှင့် စာသင်ခန်းသုံးပရိဘောဂများ ပေးအပ်လှူဒါန်း

သံဖြူဇရပ် ဩဂုတ် ၂

စာသင်ကျောင်းဆောင်သစ်နှင့် စာသင်ခန်းပရိဘောဂများ ဆောက်လုပ်လှူဒါန်းပြီး ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက် အမှတ်(၂) မူလတန်းလွန်ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ပြီး စာသင်ဆောင်အသစ်တွင် ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စာသင်ဆောင်ကို သံဖြူဇရပ်မြို့မှ ဦးကျော်လင်း - ဒေါ်တင်မြမိသားစုက မြို့လယ်ပရိယတ္တိစာသင်တိုက် ဆရာတော်အမှူးထား၍ အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ မျက်နှာကြက်၊ လျှပ်စစ်မီးအပြည့်အစုံ အာရ်စီ တစ်ထပ်ကျောင်းဆောင်နှင့် စာရေးခုံရှည် အလုံး ၃၀ အပါအဝင် တန်ဖိုးငွေကျပ်သိန်း ၃၅၀ ကျော် ကုန်ကျသည့် အဆောက်အအုံကို လှူဒါန်းခြင်းဖြစ်ပြီး ဆရာတော်နှင့် မော်လမြိုင်ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ အလှူရှင် ဦးကျော်လင်း-ဒေါ်တင်မြတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ကျောင်းဆောင်သစ်လှူဒါန်းမှုနှင့်ပတ်သက်၍ "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာတတ်လူငယ်မျိုးဆက်သစ်တွေ ပြုစုမွေးထုတ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကလေးတွေ ပညာသင်ကြားရေး အထောက်အကူဖြစ်အောင် ကျောင်းဆောင်သစ်နဲ့ စာသင်ခန်းသုံး ပရိဘောဂတွေ လှူဒါန်းတာပါ၊ ပညာသင်ကြားရေးမှာ စနစ်တကျနဲ့ အဆင့်တန်းမြင့်မြင့် သင်ကြားနိုင်ဖို့လိုအပ်မှုရှိနေတဲ့ စာသင်ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းရာမှာ နိုင်ငံအတွက် အကျိုးရှိပြီး ဘာသာရေးအဆောက်အအုံ လှူဒါန်းသလို ကုသိုလ်ရတယ်လို့ ခံယူပါတယ်၊ နောင်ကိုလည်း ပညာရေးအတွက် လိုအပ်တဲ့နေရာမှာ လှူဒါန်းပံ့ပိုးဖို့ ကြိုးစားပါမယ်" ဟု အလှူရှင် ဦးကျော်လင်းက ပြောသည်။

ထို့နောက် စာသင်ဆောင်အသစ်ကို ပညာရေးဌာနသို့ ဆောက်လုပ်မှုဆိုင်ရာ အချက်အလက်များနှင့်အတူ လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

စာသင်ဆောင်သစ်ပေးအပ်လှူဒါန်းပြီးနောက် ကျောင်းသူ ကျောင်းသားများကိုလည်း နံနက်စာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

ကြက်ခြေနီဆေးသေတ္တာများ ပေးအပ်

ယင်းမာပင် ဩဂုတ် ၂

